# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတို့ကို လျစ်လျူရှုခြင်းမပြုကြရန်နှင့် အကြမ်းဖက်မှုများကို မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် စစ်မှန်စွာ မျှော်လင့်

### သတင်းထုတ်ပြန်ချက်

နိုင်ငံခြားသံရုံးများမှ သံတမန်အချို့နှင့် ကုလသမဂ္ဂရုံးများ၊ အထူးအေဂျင်စီများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် လွှတ်တော်အမတ်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် သတင်းအရင်းအမြစ်များ၊ မြန်မာနိုင်ငံရှိ အစိုးရဆန့်ကျင်သူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများထံမှရရှိသော လိုရာဆွဲသည့်စွပ်စွဲချက်များ၊ မှန်ကန်မှုမရှိသော တစ်ဖက်သတ် သတင်းအချက်အလက်များအပေါ်အခြေခံကာ ဝေဖန်ပြောကြားချက်များ/ ကြေညာချက်များ ထုတ်ပြန်နေမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကြားသိတွေ့ရှိရသည်။ ထို့ပြင် ပြည်ပနိုင်ငံများမှ အစိုးရတာဝန်ရှိသူများနှင့် လွှတ်တော်အမတ်အချို့တို့သည်လည်း တရားမဝင်အဖွဲ့အစည်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ထောက်ခံအားပေးခြင်း၊ ၎င်းတို့၏ နိုင်ငံများ၌ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် လွှတ်တော်များက ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုခြင်းတို့ကို ပြုလုပ်လျက်ရှိကြကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆




## လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်-နောင်တိုင်-ခုဘိုင်း ကတ္တရာလမ်းသစ်ဖွင့်လှစ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်- နောင်တိုင်- ခုဘိုင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီခန့်က မဲဆမိတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ရှေ့ အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ မဲဆမိတ်-နောင်တိုင်-ခုဘိုင်းလမ်း ၂ ဒသမ ၂၅၃ ကီလိုမီတာကို ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေါနလူငယ်ကုမ္ပဏီက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇၀ ဒသမ ၄၈၁ သန်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကော့လှိုင်း၊ ဝင်းစိန်း၊ နောင်တိုင်၊ ကွမ်ဘီ ကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၁၄ ရွာကို အကျိုးပြုနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

## ယနေ့ သတင်းအညွှန်း


အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

ပြည်တွင်းသတင်း | စာ -၃

မဲမသမာမှု --- မဲခိုးမှုဟု ဆိုရာဝယ်

ဆောင်းပါး | စာ -၆

အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ (၁) သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

ပြည်တွင်းသတင်း | စာ -၁၃

# ကမ္ဘာ့မည်သည့်နေရာတွင်မျှ လက်ခံမှုမပြုသင့်သည့် အကြမ်းဖက်ဝါဒ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသား ညီညွတ်ရေးအစိုးရ(NUG) တို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် တရားဝင်ထုတ်ပြန်ကြေညာထားသည်။ ၎င်းအဖွဲ့များမှာ မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် လုပ်ကြံသတ်ဖြတ်မှုများ၊ ဗုံးခွဲမိုင်းခွဲတိုက်ခိုက်မှုများ၊ မီးရှို့မှုများ အပါအဝင် အကြမ်းဖက်လုပ်ရပ်များစွာတို့ကို အမိန့်ပေးခြင်း၊ နောက်ကွယ်မှ စေခိုင်းခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ သင်တန်းပေးခြင်း စသည်တို့ ပြုလုပ်ခဲ့ကြသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများမှာ လူနေရပ်ရွာများအတွင်း လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် သာမန်အရပ်သူအရပ်သားများကို အမျိုးသမီးများ၊ ကလေးများအပါအဝင် မိသားစုလိုက် သတ်ဖြတ်ခြင်းများလည်း ပါဝင်သည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၊ ၎င်းအဖွဲ့များနှင့် ချိတ်ဆက်လှုပ်ရှားနေသည့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများ၊ ဒေသများစွာတွင် နာမည်အမျိုးမျိုးခံထားကြပြီး အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်နေကြသည့် အုပ်စုကွဲများ၊ ဗိုလ်နာမည်အမျိုးမျိုးခံယူထားကြသူများက ဦးဆောင်နေသည့် အကြမ်းဖက်ဂိုဏ်းဂဏများက ကျူးလွန်နေသည့် လုပ်ရပ်များစွာတို့မှာ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ကို ရင်ဆိုင်တိုက်ခိုက်ခြင်းထက် အလွယ်တကူလုပ်နိုင်သည့် လက်နက်မဲ့၊ အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်မှုများက ပို၍များသည်။ တစ်နည်းအားဖြင့် တော်လှန်ရေးအမည်ခံထားပြီး ပြည်သူကိုရန်ပြုနေကြခြင်းသာဖြစ်သည်။ အကြမ်းဖက်သမားတို့ အားကောင်းသည့်နေရာများတွင် ၎င်းတို့အား ဆန့်ကျင်သူ၊ မထောက်ခံသူများကိုသာမက ကြားနေသူ၊ အေးချမ်းစွာ နေလိုသူများကိုပါ ရန်သူ၊ သူလျှို၊ ဒလန်အဖြစ် စွပ်စွဲသတ်မှတ်ကြပြီး မသန်စွမ်းသူနှင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ပါမကျန် သတ်ဖြတ်ခံကြရသည်။

ဒေသန္တရအုပ်ချုပ်ရေး ယန္တရားကို အောက်ခြေမှ ဖြိုချထားခြင်းအားဖြင့် ရပ်ရွာများတွင် တည်ငြိမ်မှု၊ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုတို့ ကင်းမဲ့အောင် ပြုလုပ်ထားကြပြီး ဒေသအလိုက် ရှိနေသည့် အကြမ်းဖက်အုပ်စုများ၊ ဂိုဏ်းများက သတင်းအမျိုးမျိုး ထုတ်ကြသည်။ ၎င်းသတင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် ဖြန့်ကြသလို ကျင့်ဝတ်ကင်းမဲ့နေသော မီဒီယာများနှင့်ပါ ချိတ်ဆက်ဝါဒဖြန့်ကြသည်။ ဤနည်းဖြင့် ထွက်ပေါ်လာသည့် သတင်းအချက်အလက်များမှာ မှားယွင်းနေသော၊ ပုံပျက်ပန်းပျက်ဖြစ်နေသော၊ ခိုင်မာမှုမရှိသော အကြောင်းအရာများက အများစုဖြစ်နေမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံခြားသံတမန်အချို့၊ ကုလသမဂ္ဂလက်အောက်ခံရုံးများ၊ အထူးအေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြည်ပနိုင်ငံများမှ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်အမတ်များ စသည်တို့က အထက်တွင်ဆိုခဲ့သည့် မမှန်မကန်အချက်အလက်များ၊ သတင်းတု သတင်းယောင်များ၊ စွပ်စွဲချက်များကို အမှန်များဟု ယူဆကာ ယင်းတို့အပေါ် အခြေခံပြီး မြန်မာနိုင်ငံအပေါ် ဝေဖန်ခြင်း၊ ကြေညာချက်များထုတ်ပြန်ခြင်းများ ပြုလုပ်နေကြသည်။ ထို့အပြင် NUG၊ CRPH အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ခြင်း၊ ၎င်းတို့၏နိုင်ငံများ၌ ကိုယ်စားလှယ်ရုံးများဖွင့်ခွင့်ပြုခြင်းနှင့် လွှတ်တော်များက ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုခြင်းများပြုလုပ်နေကြရာ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုလုပ်ခြင်းနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းတို့ ပြုရာရောက်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက် အပေါ်တွင်အခြေခံသည့်အလျောက် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားရန်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်တို့ကို အလေးအနက်ထားသည်။ အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒဟူသည် မည်သည့်နိုင်ငံတွင်မှ လက်ခံခြင်းမပြုအားပေးပံ့ပိုးမှုမပြုအပ်သည့်အလျောက် မြန်မာနိုင်ငံအပေါ် အကြမ်းဖက်မှုကျူးလွန်နေသည့် အဖွဲ့အစည်းများအား ဥပဒေအရ အရေးယူမှုများတွင် ဝိုင်းဝန်းကူညီပေးခြင်းဖြင့် အကြမ်းဖက်ဝါဒကို တိုက်ဖျက်နိုင်ကြပါစေကြောင်း။ ။

## လောကနန္ဒာဘုရားပရိဝုဏ်ရှိ ဧရာဝတီမြစ်ကမ်းမြေထိန်းနံရံ အမြန်ဆုံးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ပုဂံမြို့ သီရိပစ္စယာရပ်၊ လောကနန္ဒာ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ မေဃိယအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းလျှောက်ထားဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လောကနန္ဒာဘုရားအား ဖူးမြော်ပြီး ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀ ကို စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဘုရားကြီး ထိန်းသိမ်းမှု ဆောင်ရွက်နိုင်ရေး လောကနန္ဒာဘုရား အထက်ပစ္စယာ အရပ်လေးမျက်နှာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက တပ်ဆင်ထားသည့် ရေချိန်များကို ကြည့်ရှုစစ်ဆေးပြီး ယခုအခါ ဧရာဝတီမြစ်ရေကြောင်းပြောင်းလဲစီးဆင်းမှုကြောင့် ဘုရား၏ အနောက်တောင်ဘက်မြစ်ကမ်းကို ပြောင်းလဲတိုက်စားသဖြင့် လောကနန္ဒာဘုရားနှင့်ရင်ပြင် အနောက်တောင်ထောင့်တို့ အနည်းငယ်နိမ့်ဆင်းသွားခြင်းအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်း၍ လောကနန္ဒာဘုရား ပရိဝုဏ်ရှိ ဧရာဝတီမြစ်ကမ်းမြေထိန်းနံရံ ပေ ၈၀၀ ခန့်ကို ၂၀၂၂ ခုနှစ် မိုးမကျမီ ယခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ခုနှစ် မေလအတွင်း အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့ အမှတ်(၇)ရပ်ကွက် အောင်မြေဗောဓိ အလိုတော်ပြည့် စာသင်တိုက်သို့သွားရောက်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတအား ဖူးမြော်ကြည်ညို ကန်တော့ပြီး ဆွမ်းပဒေသာပင် အလှူငွေကျပ်သိန်း ၅၀ စိုက်ထူလှူဒါန်းသည်။

ဆက်လက်၍ အေဒီ ၁၃ ရာစုတွင် နရသီဟပတေ့မင်းကြီး တည်ထားကိုးကွယ်ခဲ့သော နရသီဟပတေ့ဘုရားနှင့် အေဒီ ၁၁၉၆ တွင် နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဓမ္မရာဇကဘုရားကြီးတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးခရိုင်အတွင်းရှိ လက်ပံခြေပေါ်မြစ်ရေတင် Solar Pilot စီမံကိန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန (ရေအရင်းအမြစ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လက်ပံခြေပေါ်မြစ်ရေတင် Solar Pilot စီမံကိန်းအား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လက်ပံခြေပေါ်မြစ်ရေတင် Solar Pilot စီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။



လက်ပံခြေပေါ်မြစ်ရေတင် စီမံကိန်းသည် ၁၉၉၅ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ညောင်ဦးခရိုင်အတွင်းရှိ စိုက်ပျိုးဧက ၁၀၀၀ ကျော်ကို အကျိုးဖြစ်ထွန်းစေလျက်ရှိပြီး ယခုတည်ဆောက်လျက်ရှိသည့် လက်ပံခြေပေါ်မြစ်ရေတင် Solar Pilot စီမံကိန်းပြီးဆုံးပါက မြစ်ရေတင် စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၉-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Dextro–methophan | 10X10's | 1450 | AA Medical |
| 2 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 3 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 4 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 5 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 6 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 7 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 8 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 9 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 10 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma–waddy |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

◆ *ရှေ့ဖုံးမှ*

အထက်ဖော်ပြပါ အခြေအနေများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်အမတ်များအနေဖြင့် အဆိုပါ အကြမ်းဖက်အုပ်စုများနှင့် ထိတွေ့ဆက်သွယ်ခြင်းနှင့် အကြမ်းဖက်အုပ်စုများကို သက်ဆိုင်ရာနိုင်ငံများ၌ ရုံးခန်းဖွင့်လှစ်ခွင့်ပြုခြင်းစသည့် လုပ်ရပ်များသည် အကြမ်းဖက်ဝါဒကို အားပေးရာရောက်သည့်အပြင် မြန်မာနိုင်ငံ၌ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေးအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေကာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာလည်းရောက်သည့်အချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထားထောက်ပြလိုသည်။ ထို့ပြင် အဆိုပါလုပ်ရပ်များသည် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် လုပ်ငန်းစဉ်များကိုလည်း ချိုးဖောက်ရာရောက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံရုံးများနှင့် ကုလသမဂ္ဂရုံးများ၊ အဆိုပါ အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်သည့်နိုင်ငံများမှ သက်ဆိုင်ရာအာဏာပိုင်များထံသို့ ပြင်းထန်စွာကန့်ကွက်ခြင်း၊ ၎င်းတို့၏ နယ်မြေများကို အသုံးပြု၍ မြန်မာနိုင်ငံအပေါ် တရားမဝင်လှုပ်ရှားမှုများ၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သည့် အဆိုပါအကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏ ဆက်စပ်အဖွဲ့များကို ထိတွေ့ဆက်သွယ်ခြင်း မပြုရန်၊ ထောက်ခံအားပေးခြင်းမပြုရန်နှင့် အဆိုပါအကြမ်းဖက်သမားများနှင့် ၎င်းတို့၏ လုပ်ရပ်များကို စုံစမ်းစစ်ဆေးခြင်းနှင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်ခြင်းတို့အပါအဝင် လိုအပ်သည့် တားဆီးမှုအစီအမံများ ဆောင်ရွက်ပေးရန်အတွက် ထပ်တလဲလဲ အသိပေးတိုက်တွန်းခဲ့သည့် တရားဝင်အကြောင်းကြားစာ ပေးပို့ခဲ့မှုများကိုလည်း ထပ်လောင်းရည်ညွှန်းသည်။

အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ အသွင်သဏ္ဌာန်မျိုးစုံကို ရှုတ်ချသည့် မြန်မာနိုင်ငံ၏ တစ်သမတ်တည်းဖြစ်သော ရပ်တည်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်လောင်းဖော်ပြလျက် အကြမ်းဖက်မှုကျူးလွန်သူများကို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းအတည်ပြုသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်ဝါဒတို့ကို လျစ်လျူရှုခြင်း မပြုကြရန်နှင့် အကြမ်းဖက်မှုများကို မြန်မာနိုင်ငံနှင့်အတူ လက်တွဲတိုက်ဖျက်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် စစ်မှန်စွာ မျှော်လင့်ကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်။**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPC) နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီ ၁၈ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများကိုယ်စား ဒီမိုကရက်တစ်ပါတီ (မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေတို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။

**ဆွေးနွေး**

ထို့နောက်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ ကိုယ်စား လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးရွှေမင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကား ပြောကြားကြကာ တွေ့ဆုံပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျိုက်ထို အောက်တိုဘာ ၉

မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းသည် ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်နိုင်သိန်းနှင့်အတူ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့သည် အောက်တိုဘာ ၅ ရက်က ကျိုက်ထိုမြို့နယ် ကဒက်ချောင်းတစ်လျှောက်ရှိ ကမ်းနီးငါးဖမ်းရေယာဉ်များအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး တရားမဝင်သံဆန်ခါပိုက် ခြောက်ဖုံ အရှည်ပေ ၁၀၈၀၀ အား သိမ်းဆည်း၍ သထုံငါးလုပ်ငန်းစခန်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)၌ အန္တရာယ်ရှိသော အဆောက်အအုံဟောင်းများ ဖျက်သိမ်းရေး၊ နောင်ပညာသင်နှစ်များတွင် ကျောင်းသား ကျောင်းသူများ ပိုမိုလက်ခံနိုင်ရေး လျာထားဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး မှာကြား

နေပြည်တော် အောက်တိုဘာ ၉

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကချင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓဇဟိုသာသနာပြုကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တ ဝိစာရအား ဖူးမြော်၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ရုံးအစည်းအဝေးခန်းမတွင် ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးက ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ဖြင့် ပူတာအိုခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)၌ စားရိပ်သာများတွင် ကျောင်းသား ကျောင်းသူများ နေ့လယ်စာ စားသောက်နေမှု၊ အိပ်ဆောင်များတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်မှု၊ သင်တန်းခန်းမ၊ စားနပ်ရိက္ခာသိုလှောင်ထားရှိမှု၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်တမ်းကျော်လွန်သည့် အန္တရာယ်ရှိသော အဆောက်အအုံဟောင်းများ ဖျက်သိမ်းရေး၊ နောင်ပညာသင်နှစ်များတွင် ကျောင်းသား ကျောင်းသူများ ပိုမိုလက်ခံနိုင်ရေး လျာထားဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပူတာအို)သို့ ရောက်ရှိ၍ သင်တန်းသူအိပ်ဆောင်၊ သင်တန်းခန်းမ၊ စားရိပ်သာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်တန်းဆင်း သင်တန်းသူများကို အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ သင်တန်းသူများကို အိမ်တွင်းမှု ဘာသာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရေး၊ သင်တန်းဆင်းပြီး နောက်ပိုင်းတွင်လည်း အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပူတာအိုခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်နှင့် သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျီအေပီနှင့် ဓာတုကင်းလွတ် စိုက်ပျိုးရေးထွက်ကုန်များကို လက်လီလက်ကားဈေးများနှင့် ချိတ်ဆက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၉**

ရေလှောင်တမံကြီးများ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်သာယာလှပရေး၊ လျာထား စိုက်ဧကပြည့် ဆည်ရေပေးဝေနိုင်ရေး၊ ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာ၊ အသိပညာ ဖြန့်ဝေရေးလုပ်ငန်းများကို လုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း ယနေ့ နံနက်ပိုင်းတွင် ငမိုးရိပ်ရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက တာဝန်ရှိသူများကို ဆွေးနွေးပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ငမိုးရိပ်ရေလှောင်တမံမှ စိုက်ပျိုးမြေဧရိယာ ဧက သုံးသောင်းကျော်နှင့် မြို့ရေပေးဝေရေးအတွက် နေ့စဉ် ရေဂါလန် သန်း ၃၃၀ ကျော် အကျိုးပြုလျက်ရှိသည်။ ယခုနှစ် မိုးရာသီတွင် ကန်ရေပြည့်သိုလှောင်နိုင်ခဲ့သဖြင့် လက်ရှိတွင် ရေဧကပေ ၃၅၀၀၀၀ ကျော် သိုလှောင်ထိန်းသိမ်းထားလျက်ရှိကြောင်း၊ ရေပိုလွှဲပေါ်တွင် ရေကျော်ကျလာပါက အလိုအလျောက်လဲနိုင်သည့် ၂ ပေအမြင့် သစ်သားရှပ်တာ တပ်ဆင်ခဲ့သဖြင့် ယခုနှစ်အတွက် ဆည်ရေ ဧကပေ ၂၀၀၀၀ ပိုမိုသိုလှောင်ထားနိုင်ခဲ့ခြင်းကြောင့် နွေစပါး ဧက ၄၀၀၀ အတွက် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် ငမိုးရိပ်ရေလှောင်တမံအား ရေကူပေးနေသည့် ပေါင်းလင်းတမံနှင့် မဟူရာတမံတို့တွင်လည်း ယခုနှစ် ကန်ရေပြည့် သိုလှောင်ထားနိုင်လျက်ရှိရာ ငမိုးရိပ်ဆည်ရေသောက် ဧရိယာအတွင်းရှိ စိုက်ပျိုးမွေးမြူရေးနှင့် ရန်ကုန်မြို့တော် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မှော်ဘီမြို့ ညောင်နှစ်ပင်စိုက်ကွင်းရှိ စိမ်းလန်း သမဝါယမအသင်း၏ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု ဧရိယာအတွင်း သမဝါယမအသင်းဝင် တောင်သူ အိမ်ထောင်စု ၂၀၀ က ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးရာ (ဝဲပုံ) တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးကို အလေးထားသုံးစွဲလာသည့် စားသုံးသူများ တိုးပွားလာလျက်ရှိသကဲ့သို့ ဓါတုကင်းလွတ်ထုတ်ကုန်များ ဂျီအေပီထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ လုပ်ငန်းရှင်များလည်း တိုးတက်လာလျက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နည်းပညာ အသိပညာဖြန့်ဝေပေးခြင်း အားပေးကူညီခြင်း လုပ်ငန်းများအပြင် လက်လီလက်ကားဈေးများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေတိုးတက်မြင့်မားစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မဲဆမိတ်အထက်တန်းကျောင်း (ခွဲ) ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်နိုင်ထွန်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လမ်းဖွင့်ပွဲ အထိမ်းအမှတ် အလံငယ်များအား နေရာအရောက် လိုက်လံပေးအပ်ခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က မဲဆမိတ်-နောင်တိုင်-ခဘိုင်း လမ်းမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မဲဆမိတ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေးနှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး စောကြာအင်းတို့က အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်လာနိုင်မှုနှင့်အတူ ရုပ်သံရိုက်ကူးရေးလုပ်ငန်းများကို ကန့်သတ်ချက်များနှင့်အညီ စတင်ဆောင်ရွက်ခွင့်ပြု



**ရန်ကုန် အောက်တိုဘာ ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီတို့၏ ရုပ်သံလုပ်ငန်းများကို လိုက်လံကြည့်ရှုပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Studio A သို့ ရောက်ရှိပြီး "ချစ်တေးဝေဆာ တေးမင်္ဂလာ" ဂီတဖျော်ဖြေရေး အစီအစဉ်တွင် ပါဝင်ဖျော်ဖြေကြမည့် ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ဂီတဖျော်ဖြေရေးအစီအစဉ် တိုက်ရိုက် (Live) ရိုက်ကူးရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ဝင်း အတွင်းရှိ HEXAGON STUDIO ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရွှေသံလွင်မီဒီယာကုမ္ပဏီ အကြီးတန်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းများ စခန်းသွင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများကို ဂရုပြုဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်လာနိုင်မှုနှင့်အတူ ရုပ်သံရိုက်ကူးရေးလုပ်ငန်းများကို ကန့်သတ်ချက်များနှင့်အညီ စတင်ဆောင်ရွက်ခွင့်ပြုခြင်း ဖြစ်ပါကြောင်း၊ အနုပညာရှင်များ၏ ဖျော်ဖြေမှုများဖြင့် မွန်းကျပ်နေသော ပြည်သူလူထုအား ပျော်ရွှင်မှုပေးနိုင်အောင်၊ အပန်းပြေအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်၊ ရုပ်သံ၊ ဂီတ၊ အငြိမ့်၊ သဘင် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို တစ်ပြိုင်တည်း ပြန်လည်စတင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ HEXAGON STUDIO အတွင်းရှိ Studio များ ခွဲခြား၍ ကိုဗစ်-၁၉ကပ်ရောဂါ ကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် HEXAGON COMPLEX တို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ (ဝဲပုံ)

ပြန်ကြားရေးဝန်ကြီး ဌာနသည် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်မှုရရှိစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ရုပ်သံရိုက်ကူး/ထုတ်လုပ်ရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်စတင် ဆောင်ရွက်မှုနှင့်အတူ အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုများဖြင့် ဖျော်ဖြေရေးလုပ်ငန်းများ တင်ဆက်နိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေတွင် လိုအပ်သောဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်



**နေပြည်တော် အောက်တိုဘာ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သော အခြေခံဆေးဝါးများနှင့် အခြားလိုအပ်သော ဆေးဝါးနှင့်ဆေးပစ္စည်းများအား GMP Guide Line များနှင့်အညီ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေတွင် လိုအပ်သော ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားမှ တင်သွင်းနေရသော ဆေးဝါးနှင့် ဆေးပစ္စည်းများကို ထုတ်လုပ်ပေးခြင်းဖြင့် ပြည်ပသို့ နိုင်ငံခြားငွေစီးဆင်းမှုအား လျှော့ချနိုင်ကြောင်း၊ ပြည်သူများအတွက် လိုအပ်သော ဆေးဝါးများအား ပိုမိုထုတ်လုပ်နိုင်ရေး၊ ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေး ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ဆေးနှင့်ဆေးပစ္စည်းများကို လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်၍ ကျန်လိုအပ်သည့် ဆေးဝါးများကို ပြည်ပမှတင်သွင်းနေရကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကိုပူးပေါင်း၍ ဖြေရှင်းအဖြေရှာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ရှိပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အသင်းဝင်အချင်းချင်း မှန်ကန်သော အကျိုးစီးပွား ဖြစ်ထွန်းစေမည့် လုပ်ဆောင်မှုများတွင် ညီညွတ်စွာ ပူးပေါင်း၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်သူများအသင်းအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးရန် ပြောကြားသည်။

ထို့နောက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်ခဲများနှင့် ဈေးကွက် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# တရုတ်နိုင်ငံ World Green Design Organization (WGDO) Myanmar မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ အသုံးပြုနိုင်ရန်အတွက် မြန်မာသံရုံး၊ ပေကျင်းမြို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် တရုတ်နိုင်ငံ World Green Design Organization (WGDO) Myanmar မှ ယွမ်ငွေ ၄၂၅၄၈၀၀– (ငွေကျပ် ၁၀၆၃၇၀၀၀၀၀) တန်ဖိုးရှိ Prescription Tea for Prevention of Covid–19 အထုပ် ၁၀၀၀၊ Sterilized Air Purifier Mask ၁၂၀၀၀၊ N95 Mask ၁၁၀၀၀၊ Portable Sterilizing Kit ၂၀၀၊ 10L Oxygen Concentrator ရှစ်လုံးနှင့် Philips Non–Invasive Ventilator နှစ်လုံးတို့ကို အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# မဲမသမာမှု --- မဲခိုးမှုဟု ဆိုရာဝယ်

သက်ခိုင်မြင့်

**လူတချို့ ကျွန်တော်နဲ့တွေ့စဉ် မေးကြပါတယ်။ “မဲခိုးတယ် ... မဲခိုးတယ်”ဆိုပြီး စွပ်စွဲ ... ပြီးတော့ အာဏာယူလိုက်တယ် ... ကျုပ်ဖြင့် နားကိုမလည်တော့ဘူး ... ကျုပ်တို့လည်း မဲပေးခဲ့တာပဲ ... ကြိုက်တဲ့လူ၊ ကြိုက်တဲ့ပါတီကို အမှန်တံဆိပ်တုံးရိုက်ပေးခဲ့တာ ... မဲရေတော့လည်း ကျုပ်တစေ့တစောင်း သွားကြည့်ခဲ့တယ်။ “ဒီလိုပဲ ရေတွက်နေတာပဲ ... သက်သက်စွပ်စွဲတာပါဗျာ”လို့ ပြောကြတယ်။ ဒါကြောင့် တိုတိုနဲ့ လိုရင်းရှင်းတော့ ရှင်းပြခဲ့ပါတယ်။ သဘောပေါက်သလား မပေါက်လားတော့ မသိဘူး။ ဒါနဲ့ ဒီဆောင်းပါးရေးရင် ကောင်းမှာပဲလို့ တွေးရင်း ရေးမိတော့တာပါ...။**

> ❑ **ဆိုးကျိုးတရားတွေ ဖြစ်တော့မှာကိုသိတဲ့ တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ တာဝန်ရှိတဲ့အလျောက် မလွဲမရှောင်သာဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်တာဝန်ကို ခေတ္တခဏ ထိန်းသိမ်းတာသာဖြစ်ကြောင်း နိုင်ငံသားတိုင်း နက်နက်ရှိုင်းရှိုင်းသိဖို့ လိုအပ်ပါတယ်။**

တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ အရင် NLD အစိုးရလက်ထက် အဲဒီအစိုးရက ဦးစီးကျင်းပခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှိခဲ့လို့ အဲဒီမဲမသမာမှုတွေကို ဖြေရှင်းပေးဖို့ တပ်မတော်က အကြိမ်ကြိမ် မေတ္တာရပ်ခံ အကြောင်းကြားခဲ့ပေမယ့် ဖြေရှင်းဆောင်ရွက်ပေးခြင်း လုံးဝမရှိ၊ ဂရုမစိုက်ဘဲ လွှတ်တော်ကို ဇွတ်ခေါ်ပြီး၊ အစိုးရသစ်ဖွဲ့ဖို့ အဓမ္မကြိုးပမ်းတာကြောင့် အခုလို အာဏာထိန်းသိမ်းရတာဟာ၊ အဓိကအကြောင်းရင်း ဖြစ်တယ်ဆိုတာ အားလုံး အသိပဲဖြစ်ပါတယ်။ လွှတ်တော်ခေါ်... အစိုးရဖွဲ့ပြီးတဲ့နောက် အရင် (၅)နှစ်ကထက် ဆိုးရွားတဲ့ အမျိုးဘာသာ၊ သာသနာ ထိခိုက်စေမယ့် ဆောင်ရွက်မှုတွေ လုပ်ကြတော့မယ်ဆိုတာကို တပ်မတော်က သိတယ်။

## နက်နက်ရှိုင်းရှိုင်းသိဖို့လိုအပ်

ဆိုးကျိုးတရားတွေ ဖြစ်တော့မှာကို သိတဲ့ တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ တာဝန်ရှိတဲ့ အလျောက် မလွဲမရှောင်သာဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်တာဝန်ကို ခေတ္တခဏ ထိန်းသိမ်းတာသာဖြစ်ကြောင်း နိုင်ငံသားတိုင်း နက်နက်ရှိုင်းရှိုင်းသိဖို့ လိုအပ်ပါတယ်။

“တပ်မတော် အာဏာသိမ်းတာကို ထောက်ခံသလား ... လို့ မေးလာရင်တော့...လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်”...လို့ ဖြေရမှာပါ။ ဘာကြောင့်လဲဆိုတော့ တပ်မတော်ဟာ ဆိုးကျိုးတွေကို အချိန်မီ ဟန့်တားနိုင်မယ်ဆိုတာ သိလို့ပါ။

ကျွန်တော်က သာမန်အရပ်သားတစ်ဦးပါ။ ရာထူး၊ အာဏာ တာဝန်ဆိုပြီး တော့လဲ မြူမှုမရှိတဲ့ သာမန်အရပ်သား တစ်ဦးသာ ဖြစ်ပါတယ်။ ဒါပေမယ့် လူမျိုးနဲ့ နိုင်ငံတော်ကို ချစ်စိတ်၊ ဘာသာသာသနာကို အလေးအနက်ထားပြီး ကိုးကွယ်ဆည်းကပ်လိုစိတ်ကတော့ ပြင်းပြင်းပြပြရှိသူ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ၂၀၁၀ က ၂၀၁၇ ခုနှစ်ထိ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတစ်ခုမှာ တာဝန်ယူခဲ့ဖူးပါတယ်။ အဲဒီတာဝန်ပေးမယ်လို့ ကမ်းလှမ်းစဉ်က ရပ်ကွက်၊ မြို့နယ်ထဲမှာ အများယုံကြည်လေးစားတဲ့သူဖြစ်ရမယ်။ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းဝင်မှ မဖြစ်စေရ၊ ပြစ်မှုကင်းရှင်းပြီး ရိုးသားဖြောင့်မတ်သူ သိက္ခာသမာဓိရှိသူ ဟုတ် / မဟုတ် နောက်ကြောင်း ရာဇဝင်လိုက်ပြီးတော့မှ အားလုံးကိုက်ညီလို့ တာဝန်ပေးခြင်း ခံရတာပါ။ ကိုယ်ရည်သွေးခြင်း မဟုတ်ပါ။ စုံစမ်းနိုင်ပါတယ်။

ဆက်ပါမယ်...ကျွန်တော့်ရဲ့ ၇ နှစ်တာ ရွေးကောက်ပွဲကော်မရှင် အတွေ့အကြုံတွေအရ ပြောရမယ်ဆိုရင် မဲမသမာမှုဆိုတာဟာ အောက်မှာ ဖော်ပြမယ့် အချက်အလက်တွေ အပေါ် မူတည်နေတယ်လို့ ပြောလိုပါတယ်။

(၁) ရွေးကောက်ပွဲ ကော်မရှင် အဆင့်ဆင့်မှာ ခန့်အပ်မယ့် ပုဂ္ဂိုလ်တွေဟာ သူတို့ထားရာနေ စေရာသွား ပြောတာလုပ်မယ့်သူတွေ၊ သူတို့အမိန့် မဖီဆန်တဲ့သူတွေကို ခန့်အပ်တာဝန်ပေးတာ၊

(၂) ရွေးကောက်ပွဲနဲ့ ဆိုင်တဲ့ စာရွက်စာတမ်းတွေ (မဲစာရင်း အပါအဝင်) ကို ဥပဒေနဲ့ ဆန့်ကျင်ပြီးတော့ လိုသလို ဆောင်ရွက်နိုင်ဖို့၊

(၃) အောက်ခြေအဖွဲ့အစည်းတွေဟာ သူတို့ဩဇာလွှမ်းမိုးသူ ဖြစ်ဖို့၊

(၄) သူတို့ပါတီကို ထောက်ခံဝန်းရံတဲ့ သူတွေဟာ ရပ်/ကျေး ကော်မရှင်နဲ့ မဲရုံတွေကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ဥပဒေမဲ့အနိုင်ယူ လွှမ်းမိုးခြယ်လှယ် သူတွေ ဝန်းရံစေဖို့...

စတဲ့ အဓိကအချက်တွေကို အခြေခံပြီး ကျန်တဲ့အချက်အလက်တွေကို လိုသလို ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

## အလျင်စလိုဖျက်သိမ်းဖို့မလို၍သာ

အမှတ်စဉ်(၁)မှာ ဖော်ပြထားတဲ့ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်မှာ ခန့်အပ်မယ့်ပုဂ္ဂိုလ်တွေဟာ သူတို့အမိန့်ကို မဖီဆန်သူတွေဖြစ်ရမယ်...ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး အကျယ်ရှင်းရရင် ၂၀၁၅ ခုနှစ်မှာ NLD ပါတီအာဏာရပြီးတဲ့နောက် ဦးတင်အေး ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဟာ ဥပဒေအရ အလိုလို ဖျက်သိမ်းပြီးသား ဖြစ်သွားတော့ ဦးလှသိန်းကို အသစ်ဖွဲ့စည်းလိုက်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်ခဲ့ပါတယ်။ ဦးလှသိန်းဟာ ဦးတင်အေး UEC ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တုန်းက မိတ္ထီလာ ခရိုင် ရွေး/ကော်ဥက္ကဋ္ဌ တာဝန်ယူခဲ့သူပါ။ သူ့ကို နိုင်ငံတော်သမ္မတက UEC ဥက္ကဋ္ဌခန့်ပါတယ်။ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်/ကျေး ကော်မရှင်အဖွဲ့တွေကိုတော့ မဖျက်သိမ်းသေးဘဲ ဆက်ပြီးတာဝန်ပေးထားပါတယ်။ (ဒီလိုမဖျက်ရတာကလည်း ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်တွေဟာ လစာစရိတ် ခံစားရခြင်းလည်း မရှိ၊ ကိုယ့်ထမင်းကိုယ်စားပြီး၊ ဇော်လံတီယာ ဆောင်ရွက်နေသူတွေဖြစ်တာက တစ်ကြောင်း၊ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ သူတို့ လူတွေ အဆင်သင့်မဖြစ်သေးတာက တစ်ကြောင်း၊ အလျင်စလိုဖျက်သိမ်းဖို့ မလိုသေးတာက တစ်ကြောင်းကြောင့် ဖြစ်ပါတယ်)

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ လုပ်တဲ့အခါမှာတော့ အရင်ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်/ကျေး ကော်မရှင်တွေက တာဝန်ယူပြုလုပ်ပေးခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ဟောင်းတွေဟာ ဘယ်ပါတီကိုမှ ဘက်လိုက်တာမရှိ၊ မသမာမှု မဲခိုးမှုအလျဉ်းမရှိ၊ ရွေးကောက်ပွဲ ဥပဒေအတိုင်း အတိအကျလိုက်နာ လုပ်ဆောင်ခဲ့ပါတယ်။ အာဏာရ NLD အစိုးရလည်း သိပါတယ်။ ဒါပေမယ့်...

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲပြီးတဲ့နောက် လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ အရင်ကော်မရှင်အဖွဲ့ကို ဆက်ပြီး တာဝန်မပေးတော့ဖို့ ၎င်းတို့ဆုံးဖြတ်ကြပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ သူတို့ နိုင်ကို နိုင်မှဖြစ်မယ်ဆိုတာ အဲဒီကတည်းက ဆုံးဖြတ်သုံးသပ်ထားပုံရပါတယ်။ ဒါကြောင့် အရင်ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်တွေကို NLD အများစုပါတဲ့အဖွဲ့နဲ့ အစားထိုးလိုက်ပါတယ်။ ဒီကိစ္စဟာ ပထမဆုံး မရိုးသားတဲ့လုပ်ရပ် အစပျိုးခဲ့ခြင်းပါ။ အရင်ရွေးကောက်ပွဲ ကော်မရှင်(အဟောင်း)တွေဟာ ဘယ်သူ့ဩဇာလွှမ်းမိုးမှု (ယုတ်စွအဆုံး အစိုးရရဲ့ ဩဇာလွှမ်းမိုးမှု)ကိုမှ မခံယူဘဲ ကော်မရှင်(UEC)က ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုသာ လိုက်နာပြီး အဲဒီဥပဒေ၊ နည်းဥပဒေအတိုင်း တိတိကျကျ ဆောင်ရွက်တဲ့သူတွေဖြစ်လို့၊ သူတို့စေခိုင်းသလို လုပ်မယ့်သူတွေ မဟုတ်ဘူးလို့ ယုံကြည်ပြီး ကော်မရှင်အသစ်ကို ထပ်ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ ဥပဒေအရတော့ အသစ်ထပ်မံဖွဲ့စည်းရမှာ မှန်ပါတယ်။ ဒါပေမယ့် သူတို့ပါတီဝင်တွေ၊ ဝန်းရံသူ လိုလားသူတွေချည်း ရွေးခန့်တာကတော့ လွန်လွန်းအားကြီးပါတယ်။

## မဲပေးခြင်းတွေနဲ့ပတ်သက်ပြီး ပြောရရင်

ဒုတိယအချက်ဖြစ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းတွေ၊ အထူးသဖြင့် မဲစာရင်းတွေကို ဥပဒေနဲ့ ဆန့်ကျင်ပြီး လိုသလို ဆောင်ရွက်နိုင်ရမယ်ဆိုတဲ့ အချက်မှာ (မဲစာရင်း)ဟာ ရွေးကောက်ပွဲတစ်ခုအတွက် အဓိကအကျဆုံး ဖြစ်ပါတယ်။ မဲစာရင်းမှာ နာမည်မပါရင် မဲပေးလို့ မရဘူးလေ။ ဒီတော့ သူ့လူတွေ အများအပြားပါအောင် လုပ်လိုက်တော့ မဲစာရင်း မှားယွင်းဖောင်းပွမှုတွေ ဖြစ်ကုန်ပါလေရော။ တစ်နိုင်ငံလုံး မဲစာရင်းဖောင်းပွမှု ဆယ့်တစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်။ မဲစာရင်း(ပုံစံ-၁)မှာပါတဲ့ အချက်တွေကို ပုံစံဇယားတွေနဲ့ ချပြ ရေးပြရရင် ရှုပ်ထွေးမှာစိုးလို့ လိုရင်းကိုပဲ ဖော်ပြပါမယ်။ မဲစာရင်းမှာ ပါဝင်ခြင်း၊ မဲပေးခြင်းတွေနဲ့ပတ်သက်ပြီး ပြောရရင်-

(၁) အသက် (၁၈) နှစ်ပြည့်ပြီးသူ ဖြစ်ရပါမယ်။

(၂) နိုင်ငံသား / ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရပြီးသူ ဖြစ်ရပါမယ်။
(မဲစာရင်းမှာ နိုင်၊ ဧည့်၊ ပြု စိစစ်ရေးကတ်နံပါတ် ဖော်ပြရမှာပါ)

(၃) တခြားမဲဆန္ဒနယ်၊ မဲရုံတစ်ခုခုမှာ နာမည်ပါပြီးရင် ကိုယ်မဲထည့်မယ့် မြို့နယ်၊ ရပ်/ကျေး မဲရုံတစ်ရုံမှာသာ မဲပေးရမှာပါ။ တခြားမှာ ပါနေတဲ့ ကိုယ့်အမည်ကို ဖျက်ခိုင်းရပါမယ်။

(၄) မဲပေးတဲ့နေရာမှာလည်း လူတစ်ယောက်ဟာ တစ်ကြိမ်သာ မဲပေးခွင့် ရှိပါတယ်။
(နှစ်ခါ သုံးခါ မဲပေးမှာစိုးလို့ မဲရုံက အထွက်မှာ လက်သန်းကို မင်တို့ပြီး အမှတ်အသား လုပ်လိုက်တာပါ။ တချို့က အထွက်မှာ မင်မတို့ဘူးလို့ ကြားရပါတယ်။) (မသမာမှု တစ်ခုခုလုပ်မယ် မဲထပ်ပေးမယ်ဆိုတဲ့ သဘောပါ။)

(၅) လူတစ်ယောက်ဟာ သူများအမည်နဲ့ မဲပေးလို့ မရပါဘူး။

(၆) ကိုယ်စားမဲပေးခွင့်လည်း မရှိပါဘူး။

(၇) ကိုယ့်သဘောနဲ့ကိုယ် မဲရုံမှူးကို မသိစေဘဲ၊ မဲပုံးထဲကို မဲလက်မှတ် သွားထည့်လို့လည်း မရပါဘူး။

(၈) ပြင်ပက ယူလာတဲ့ မဲလက်မှတ်တွေကို မဲထည့်လို့ မရပါဘူး။

ဆိုတော့ရင်... အခု NLD အစိုးရဦးဆောင်ကျင်းပပေးတဲ့ ရွေးကောက်ပွဲမှာ NLD မြို့နယ်၊ ရပ်/ကျေး ပါတီဝင်တွေ၊ ဝန်းရံသူတွေ ပူးပေါင်းစွက်ဖက်ပြုစုထားတဲ့ မဲစာရင်းကိုကြည့်တော့ အသက်(၁၈) နှစ်မပြည့်သေးသူတွေ၊ မှတ်ပုံတင် မရှိသူတွေ၊ (၂)ကြိမ်၊ (၃) ကြိမ် အမည်ထပ်ပါနေသူတွေ၊ အဖအမည်တစ်ဦးတည်းနဲ့ (၁၀) ဦး (၁၅) ဦးပါနေသူတွေ၊ အသက် (၁၀၀) ကျော် သေဆုံးပြီးတဲ့သူတွေ၊ တော်တော်များများ ပါဝင်နေတာ တွေ့ရပါတယ်။ ဥပဒေအရ မဲစာရင်းမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား၊ နံပါတ်မပါသူတွေဟာ လုံးဝမဲပေးခွင့် မရှိပါ။ ဒါပေမယ့် မဲပေးထားပါတယ်။ အသက်(၁၀၀) ကျော်သေဆုံးပြီးသူတွေလည်း မဲပေးထားပါတယ်။ အသက် (၁၈) နှစ်မပြည့်သူတွေ မဲစာရင်းမှာပါနေပြီး မဲပေးထားပါတယ်။ ၎င်းတို့ ကိုယ်တိုင် မဲပေးတာ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းလည်း မရှိပါ။ ရပ်/ကျေးနှင့် NLD ဝန်းရံသူတွေက ကိုယ်စားမဲပေးခြင်းလည်း ဖြစ်နိုင်ပါတယ်။ ကာယကံရှင်တွေ ကိုယ်တိုင်သိမှာပါ။ ဒီကိစ္စဟာ မဲမသမာမှု (မဲခိုးခြင်း) ဖြစ်ပြီး ရွေးကောက်ပွဲဥပဒေကို ဖောက်ဖျက်ကျူးလွန်တာလည်း ဖြစ်ပါတယ်။ ဥပဒေအရ ထောင်ဒဏ် (၁) နှစ်၊ ငွေဒဏ်(၁)သိန်း ကျခံရနိုင်ပါတယ်။

တတိယအချက်ဖြစ်တဲ့ အောက်ခြေအဖွဲ့အစည်းတွေဟာ သူတို့ဩဇာလွှမ်းမိုးသူများ ဖြစ်ရမယ်ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး အောက်ခြေအဖွဲ့အစည်းဆိုတဲ့ နေရာမှာ ရပ်/ကျေး ကော်မရှင်တွေ၊ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေ ပါဝင်ပါတယ်။ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်အချို့ဟာလည်း နီးရာဓားကြောက်နေရသူတွေ ပါဝင်သလို သူတို့ကိုယ်တိုင်ကိုယ်က အဲဒီပါတီကို လိုလားနေသူတွေ အများအပြားရှိနေပါတယ်။ မဲရုံမှူးနဲ့ ဒုမဲရုံမှူးတွေကိုတော့ များသောအားဖြင့် ပညာရေးဝန်ထမ်းတွေကို

*စာမျက်နှာ ၇ သို့*

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်ရှိ ဒေးဒရဲဓမ္မဝါဒီကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်ရှိ ဇေယျာသုခကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မြင်းခြံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ အောင်မြေသာစံမြို့နယ်ရှိအဘယာရာမမိုးထိကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် ဇေယျာသုခကျောင်းတိုက်ရှိ သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် ခန္တီးတပ်နယ်မှ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ညောင်ဦးမြို့နယ်ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ပြီး နဝကမ္မအလှူငွေများပေးအပ်လှူဒါန်းကာ ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ဘုရားဖူးလာရောက်ကြသော နေရပ်အသီးသီးမှ ဘုရားဖူးလာပြည်သူများနှင့် ဈေးရောင်းချလျက်ရှိသော ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးတို့ ညောင်ဦးမြို့နယ် အောင်မြေဗောဓိ အလိုတော်ပြည့်စာသင်တိုက်ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

---

*စာမျက်နှာ ၆ မှ*

မြို့နယ်က တာဝန်ပေးထားပြီး ကျန်တဲ့ မဲရုံအဖွဲ့ဝင်တွေကိုတော့ ရပ်/ကျေးကော်မရှင်က ရွေးချယ်ပြီး မြို့နယ်က ခန့်အပ်ထားပါတယ်။ ရပ်/ကျေးကော်မရှင်တွေဟာ NLD အမာခံတွေဖြစ်သလို ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေဟာလည်း NLD ခန့် ပုဂ္ဂိုလ်တွေဖြစ်လို့ ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ်လိုသလို ဝေပြီး အနိုင်ယူကြပါတယ်။ ဥပမာတစ်ခု ပြောရရင် မဲလာမပေးနိုင်တဲ့ သူကိုဖြစ်ဖြစ်၊ သေဆုံးပြီး မဲစာရင်းမှာ ပါနေသူကိုပဲဖြစ်ဖြစ် ရပ်/ကျေးကော်မရှင်ဟာ NLD အမတ်လောင်းနေရာမှာ တံဆိပ်တုံးထုပြီး မဲပုံးထဲထည့်ခြင်းစတဲ့ ဥပဒေမဲ့ လုပ်ရပ်များ လုပ်နိုင်ပါတယ်။

> ❖ **၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်းမှာ တရားမဝင်တဲ့ မဲဆန္ဒရှင်တွေ၊ နှစ်ကြိမ် သုံးကြိမ်ပါနေတဲ့ မဲဆန္ဒရှင်တွေ၊ အသက် ၁၀၀ နှစ်ကျော် သေဆုံးပြီးသူတွေ၊ မဲဆန္ဒနယ် နှစ်နေရာ သုံးနေရာမှာ ထပ်တလဲလဲပါနေသူတွေ၊ အသက် ၁၈ နှစ် မပြည့်သေးတဲ့ ကလေးသူငယ်တွေ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုခု မရှိတဲ့သူတွေ၊ စုစုပေါင်း ၁၁ သန်းကျော်ပါနေတာဟာ မဲမသမာမှု ပြုလုပ်ဖို့ တစ်နည်းအားဖြင့် (မဲခိုးဖို့) စနစ်တကျကြိုတင် စီစဉ်ထားတာဖြစ်ကြောင်း တစ်နိုင်ငံလုံးမှာရှိနေတဲ့ မဲဆန္ဒရှင်ပြည်သူတွေ သိထားဖို့လိုကြောင်း ဖော်ပြလိုက်ရပါတယ်။**

### ကန့်ကွက်တာတွေ အများအပြားရှိ

ဒါ့အပြင် ကြိုတင်မဲပေးတဲ့နေရာမှာလည်း ကိုဗစ်ရောဂါအကြောင်းပြပြီး အသက်(၆၀) ကျော်သူတွေ၊ ကြိုတင်မဲပေးဖို့ ဒေါ်အောင်ဆန်းစုကြည် TV မှာ ကြေညာပြီး နောက်တစ်နေ့မှာ UEC က ထပ်ပြီးကြေညာပါတယ်။ အောက်ခြေ ပြည်နယ်/တိုင်း၊ ခရိုင်တွေကိုလည်း ညွှန်ကြားချက်တွေ ထုတ်ခဲ့ပါတယ်။ ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်ပါ။ ရွေးကောက်ပွဲဥပဒေမှာ ရပ်ကွက်ထဲ နာမကျန်းဖြစ်ရသူတွေ၊ မီးဖွားနေသူတွေ၊ အနာကြီးရောဂါရှိနေသူတွေ … စတဲ့ သူတွေကိုသာ ရပ်ကွက်ကြိုတင်မဲပေးခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။ အသက်(၆၀) ကျော်အရွယ် ကြိုတင်မဲပေးခွင့်ရှိတယ်လို့ မပြဋ္ဌာန်းထားပါ။ ဒါပေမယ့် ကိုဗစ်ရောဂါကို အကြောင်းပြပြီး အသက်(၆၀) ကျော်တွေ ကြိုတင်မဲပေးနိုင်တယ်လို့ ကြေညာလိုက်တော့ သူတို့အဖို့ ဖိုးကြိုင်းတုတ် ဖြစ်သွားပါတယ်။ NLD တံဆိပ်တပ်ထားတဲ့ ဆိုက်ကားတွေ၊ ဆိုင်ကယ်တွေ၊ မြင်းလှည်းတွေ၊ ကားတွေနဲ့ အိမ်တိုင်ရာရောက်သွားကြပြီး မဲထည့်စေခဲ့ပါတယ်။ ဥပဒေအရ ကြိုတင်မဲပေးတဲ့နေရာကို အမတ်လောင်းတွေက မဲရုံတွေမှာ ခန့်ထားတဲ့ မဲရုံကိုယ်စားလှယ် (ဘယ်ပါတီကမဆို)တွေမှအပ တခြားဘယ်သူမှ မလိုက်ရပါဘူး။ ဒါပေမယ့် NLD Group ကတော့ ပျော်ပျော်ပါးပါး လိုက်ပါစည်းရုံးတာတို့ တချို့တွေက မဲမထည့်တတ်သူတွေကို "ဒီမှာတံဆိပ်တုံးရိုက်လိုက်" ဟု လက်ညှိုးညွှန်ပြီး NLD အမတ်လောင်းဘေးက အကွက်မှာ တံဆိပ်တုံး ရိုက်ခိုင်းတာမျိုး၊ တချို့က ကိုယ်တိုင်တံဆိပ်တုံး ရိုက်ပေးတာမျိုး ပြုလုပ်ခဲ့ကြတယ်။ ဒါဟာ ရွေးကောက်ပွဲမှာ (မဲခိုးတာ) ပဲဖြစ်ပါတယ်။ (တိုင်ကြားကန့်ကွက်တာတွေ အများအပြားရှိတယ်လို့ သိရပါတယ်၊ အရေးယူမှုတော့ မရှိခဲ့ပါ)။

### မဲမသမာမှုနဲ့ဆက်နွှယ်

စတုတ္ထအချက်ဖြစ်တဲ့… သူတို့ပါတီကို ထောက်ခံဝန်းရံသူတွေဟာ ရပ်/ကျေးနဲ့ မဲရုံတွေမှာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ဥပဒေမဲ့ အနိုင်ကျင့်လွှမ်းမိုးခြယ်လှယ်သူတွေ ဝိုင်းရံစေဖို့ ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး အထက်မှာလည်း တော်တော်များများ ဖော်ပြပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် မဲရုံထဲကို ဝင်ခွင့်မရှိတဲ့ NLD ပါတီဝန်းရံသူတွေဟာ ခြေချင်းလိမ်အောင် ဝင်ထွက်နေတာတို့ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေကို ဟိုဟာလုပ်ပါလား၊ ဒီဟာ လုပ်ပါလားဆိုပြီး မလျော်ဩဇာသုံးတာတို့အပြင် သူတို့လူတွေကို မဲရုံထဲအထိ ဆွဲခေါ်လာပြီး လိုသလို မဲပေးစေတာမျိုးတို့၊ မဲရုံထဲမှာနဲ့ အနီးအနားမှာ အော်ကျယ်ဟစ်ကျယ် တယ်လီဖုန်းပြောတာမျိုး၊ ခေတ်ပုံရိုက်တာမျိုးတွေ၊ သူတို့လူတွေကို ကားနဲ့တစ်မျိုး၊ ဆိုင်ကယ်နဲ့တစ်ဖုံ သွားခေါ်ပြီး မဲရုံအဝထိ ပို့ပေးပြီး သူတို့ပါတီကို မဲထည့်ဖို့ မဲရုံအဝ ရောက်တဲ့အထိ တတွတ်တွတ် ပြောနေတာမျိုးတွေ လုပ်ကြပါတယ်။ မဲရုံအတွင်းမပြောနဲ့ မဲရုံနဲ့ကိုက် ၅၀၀ အတွင်းမှာတောင် မဲဆွယ်တာမလုပ်ရဘူး ဆိုတဲ့ ဥပဒေကို သိသိချည်းနဲ့ ချိုးဖောက်တာမျိုးတွေ လုပ်တာဟာ အတော်အသည်းယားစရာ ကောင်းပါတယ်။ ဒါတွေဟာ မဲမသမာမှုနဲ့ ဆက်နွှယ်နေတဲ့ အကြောင်းရပ်တွေ ဖြစ်ပါတယ်။

နိုင်ငံချုပ်အနေနဲ့ ပြောချင်တာက 'မဲရုံမှူး လုပ်ငန်းလမ်းညွှန်' ဆိုတဲ့ စာစောင်ကို UEC က ရိုက်နှိပ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ မဲရုံမှူးတာဝန်ယူမယ့်သူတွေကို ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅ နှင့် ၂၀၁၇ ရွေးကောက်ပွဲတွေမှာ လက်ရောက်ဖြန့်ဝေပေးခဲ့ပြီး အရင် ရွေး/ကော်ဟောင်း တာဝန်ယူစဉ်က အနီးကပ်သင်တန်းတွေလည်း ပို့ချခဲ့ပါတယ်။ မဲဆန္ဒရှင်တွေနဲ့ နဖူးတွေ့၊ ဒူးတွေ့ တွေ့ရမယ့်သူတွေဟာ မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင် တွေ ဖြစ်ပါတယ်။ သူတို့သမာသမတ်ကျရင်၊ ဥပဒေနားလည်လိုက်နာကျင့်သုံးရင် (ပယောဂမဝင်၊ နှောင့်ယှက်လွှမ်းမိုးခံရမှု မခံရရင်)၊ ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ဥပဒေအတိုင်း ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ဆောင်ရွက်ကြမယ်ဆိုရင် တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်နဲ့ ၉၀ ရာခိုင်နှုန်း အောင်မြင်ပြီးမြောက်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် တချို့ မဲရုံမှူး၊ ဒုမဲရုံမှူးတွေဟာ စောစောက ဖော်ပြထားသလို နီးရာဓားကြောက်သူ၊ ကိုယ်တိုင်က ပါတီစွဲရှိပြီး၊ ယိမ်းယိုင်သူ၊ ဥပဒေမဲ့ပြုကျင့်နေတာကို တွေ့ရက်နဲ့ မလုပ်မရှုပ်မပြုတ်သဘောထားနေသူတွေ ဖြစ်နေရင်တော့ တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲလို့ မခေါ်နိုင်တော့ပါ။ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၆၁) ကို ဖောက်ဖျက်ပြီး မဲဆွယ်မှုတွေကို မဲရုံတွင်းမှာပဲ ပြောင်ကျကျ ကျူးလွန်သူအချို့ရှိခဲ့ပါတယ်။

ပုဒ်မ(၆၁)မှာ ဖော်ပြထားတာက မဲရုံတွင်းမှာဖြစ်စေ၊ မဲရုံမှာ ကိုက် ၅၀၀ အကွာအတွင်းမှာဖြစ်စေ၊ မဲဆွယ်ခြင်း ပြုလုပ်ပါက ထိုသူကို (၁)နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ရမယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် တချို့မဲရုံမှူး၊ ဒုမဲရုံမှူး၊ NLD ခန့် မဲရုံအဖွဲ့ဝင်တွေဟာ မဲရုံထဲရောက်ရှိနေတဲ့ မဲလာပေးတဲ့သူကို ကူညီသလိုလိုနဲ့ မိမိလိုလားတဲ့ ပါတီကိုယ်စားလှယ်လောင်းကို လက်ညှိုးညွှန်ပြီး "ဒီမှာတံဆိပ်တုံးရိုက်လိုက်" လို့ ပြောတာတွေ ရှိခဲ့ပါတယ်။ ဒါဟာ မဲဆွယ်ခြင်းသာမက မသမာမှုကို ကာယကံမြောက်ကျူးလွန်ခဲ့တာ ဖြစ်ပါတယ်။

### တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲ

မိမိတို့ ကော်မရှင်ဟောင်းများ တာဝန်ယူခဲ့စဉ်က ဒီအချက်ကို အလေးအနက်ထားပြီး မဲရုံမှူးနဲ့ မဲရုံအဖွဲ့ဝင်တွေ မြို့နယ်နဲ့ ရပ်/ကျေး ကော်မရှင်တွေကို ဒီလိုမလုပ်မိစေဖို့ အထပ်ထပ်သတိပေးသင်ကြားပို့ချခဲ့ပါတယ်။ သူတို့အနေနဲ့လည်း ဥပဒေကို သဘောပေါက်တာက တစ်ကြောင်း၊ ကိုယ်တိုင်က ဘက်မလိုက်ပဲ ရိုးဖြောင့်တာက တစ်ကြောင်းတို့ကြောင့် မဲမသမာမှုဖြစ်စဉ် အလွန့်အလွန်နည်းပါးခဲ့ပါတယ်။ ဒါပေမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ဒီလိုမျိုးဖြစ်စဉ်တွေ ပလူပျံအောင် များပြားခဲ့လို့ တရားမျှတမှု မရှိတဲ့ ရွေးကောက်ပွဲလို့ပဲ သတ်မှတ်ရမလို ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်းမှာ တရားမဝင်တဲ့ မဲဆန္ဒရှင်တွေ၊ နှစ်ကြိမ် သုံးကြိမ် ပါနေတဲ့ မဲဆန္ဒရှင်တွေ၊ အသက် ၁၀၀ နှစ်ကျော် သေဆုံးပြီးသူတွေ၊ မဲဆန္ဒနယ် နှစ်နေရာ သုံးနေရာမှာ ထပ်တလဲလဲပါနေသူတွေ၊ အသက် ၁၈ နှစ် မပြည့်သေးတဲ့ ကလေးသူငယ်တွေ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုခု မရှိတဲ့သူတွေ၊ စုစုပေါင်း ၁၁ သန်းကျော်ပါနေတာဟာ မဲမသမာမှု ပြုလုပ်ဖို့ တစ်နည်းအားဖြင့် (မဲခိုးဖို့)စနစ်တကျကြိုတင်စီစဉ်ထားတာ ဖြစ်ကြောင်း တစ်နိုင်ငံလုံးမှာ ရှိနေတဲ့ မဲဆန္ဒရှင်ပြည်သူတွေ သိထားဖို့လိုကြောင်း ဖော်ပြလိုက်ရပါတယ်။

# ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ (ကရင်ပြည်နယ်)

*မြင့်စိုး (နတလ)*

ဒေါနတောင်တန်းအနောက်ခြမ်းခရီးစဉ်

DKBA (ကလိုထူးဘော) အဖွဲ့မှ စစ်ဦးစီးချုပ် ဦးစောမိုရှေး ကွယ်လွန်သွားသည့် သတင်းကြားလိုက်ရသောအခါ များစွာစိတ်မကောင်းဖြစ်မိသည်။ လွန်ခဲ့သည့်ငါးနှစ်က တိတိကျကျပြောရလျှင် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းမှာ သူနှင့် ကျွန်တော် ရေစက်ဆုံခဲ့သည်။ ဒေါနတောင်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများတွင် အခြေချနေထိုင်လျက်ရှိကြသော DKBA တပ်ဖွဲ့ဝင်မိသားစုများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျွန်တော့်အား တာဝန်ပေးအပ်လာပါသည်။ ကက(ကြည်း) ၏ လမ်းညွှန်ချက်အရဟူ၍လည်း သိရ၏။ ထိုခရီးစဉ်အတွက် ဦးစောမိုရှေးနှင့် သူ့တပည့်များက ဘားအံမှ စောင့်ကြိုခေါ်ယူပါသည်။ ကျွန်တော်တို့အဖွဲ့မှာ ဖဖရ(ဘားအံ)ရုံးမှ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးသက်နောင်၊(ညွှန်မှူး-ငြိမ်း)၊ လက်ထောက်ညွှန်မှူးဦးတင်ဝင်း (ယခု ဒုညွှန်မှူး-မောင်တောခရိုင်ရုံး)၊ ဒေသခံများဖြစ်ကြသော ဦးအောင်ကျော်ထွဋ်၊ ဦးခင်မောင်ဝင်း၊ ကိုထိခေါင်တို့ ပါဝင်ပါသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ဟောင်သရောမြစ်ကမ်းဘေးက ကြာအင်းဆိုသော ရွာလေးသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြသည်။ ထိုရွာလေးအနီးမှာ ကြာအင်းတံတားသစ်ကြီးက ဆောက်လုပ်ပြီးစ အနေအထားဖြင့် တွေ့ရ၏။ နောက်ခရီးစဉ်တစ်ခုသို့ ဆက်ရန်အတွက်မူ စက်လှေများ ပြောင်းစီးရ၏။ ကျွန်တော်တို့နှင့် ဦးစောမိုရှေးက တစ်စင်း။ အနီးကပ်လုံခြုံရေးလိုက်ပါလာသော သူ့တပည့်များက တစ်စင်း၊ ဟောင်သရောမြစ်အတိုင်း စုန်ဆင်းလာခဲ့ကြရာ ကမ်းပေါ်အချို့နေရာများတွင်လည်း လုံခြုံရေးယူပေးထားကြောင်း တွေ့ရသည်။ စက်လှေစီးလာကြရင်း ကလိုထူးဘော၏အဓိပ္ပာယ်ကို မေးမြန်းကြည့်ရာ ကရင်ဘာသာအားဖြင့် ကလိုဆိုသည်မှာ ဖားစည်၊ ထူးကရွှေ၊ ဘောဆိုတာက အဝါရောင်၊ အားလုံးပေါင်းသော်



လှိုင်းဘွဲ့မြို့နယ် မိကြောင်-ဖားအိ-သမို-ရောထ-ဝါးမီးကလား-သရီးဖိုးခွီး-ရှမ်းရွာသစ် ၂၈/၄ မိုင်ပေါ်ရှိ ပေ ၁၈၀ ကွန်ကရစ်တံတား။

ရွှေဝါရောင်ဖားစည်ဟု အဓိပ္ပာယ်ရကြောင်း ကိုထိခေါင်က ရှင်းပြသည်။ သူက ပျော်ပျော်နေတတ်သူဖြစ်၏။ ကိုထိခေါင်ရေ... စိုးလွင်လွင်ရဲ့ ဒုံးယိမ်းညသီချင်းထဲက ထိခေါင်.ထိခေါင်.ထိခေါင်လားဟေ့ ဆိုတာပါတယ်ဗျ။ ခင်ဗျားနာမည်နဲ့ အဓိပ္ပာယ်တူလား မေးလိုက်သောအခါ၊ တူပါတယ်... တိုင်းပြည် (သို့မဟုတ်) နိုင်ငံပေါ့ဗျာ...တဲ့။

ကမ္မရိုက်ဒေသ ဖွံ့ဖြိုးရေး

ဒေါနတောင်တန်း၏ အနောက်ခြမ်းဒေသများမှာဟု ပြောရမည့် ကမ္မရိုက်ဒေသတွင် တောင်ကမ္မရိုက်၊ မြောက်ကမ္မရိုက်၊ လာလယ၊ ကွဲဖြူအင်း၊ ကော့ခီး၊ ခူနီ၊ ဝင်းဒဝယ်၊ ကညင် ကတိုက်၊ ကညင်ကျောက်ဖျာ၊ မွန်ကုန်း အစရှိသော ကျေးရွာများ ပါဝင်ပြီး တောင်ကမ္မရိုက်တွင် အထကကျောင်းနှင့် ဆေးပေးခန်းရှိသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စိုက်ဧက ၄၀၀၀ ကျော်ရှိပါသည်။ ကျွန်တော်တို့အဖွဲ့က တောင်ကမ္မရိုက်-ကမ္မရိုက်လေးလမ်း ၄ မိုင် ၅ ဖာလုံ ဖောက်လုပ်ပေးရေး၊ ယင်းလမ်းပေါ်၌ ပေ ၁၀၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရေးအတွက် လမ်းအူကြောင်းရှာကြသည်။ လမ်းအူကြောင်းရှာရာ နောက်သို့ ဝမ်းပန်းတသာ လိုက်လံပြသကြသော ရွာသူရွာသားများကား မနည်းမနောပါချေ။ လိုအပ်လျှင် လယ်တွေထဲက ဖြတ်ဖောက်ပါဟုလည်း ဆိုကြ၏။ သူတို့ စိတ်အားထက်သန်မည်ဆိုလျှင်လည်း ထက်သန်စရာပင်၊ သည်လမ်းပေါက်သွားပါက သမိန်ဒွတ်- ကွဲဖြူအင်း- ဆင်ကူး- ကညင်တိုက်လမ်းနှင့် ဆက်သွယ်မိပြီး ကျိုက်မရောမြို့နယ်၊ မော်လမြိုင်မြို့နယ်များသို့လည်းကောင်း၊ ကညင်တိုက်မှတစ်ဆင့် ကြာအင်းဆိပ်ကြီးမြို့နယ်သို့လည်းကောင်း သွားရောက်နိုင်မည်ဖြစ်၏။ လမ်းတံတားကိစ္စ၊ တောင်ကမ္မရိုက်ရွာနှင့် ထိုရွာရှိ အထကကျောင်း၊ ဆေးခန်းများသို့ ဆိုလာမီးများ ထောက်ပံ့ပေးရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အထောက်အကူပြု စပါးခြွေလှေ့စက်များ ဝယ်ယူထောက်ပံ့ရေးကိစ္စအားလုံးကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုပေးပါသည်။ ထိုနေ့က ကမ္မရိုက်အထကကျောင်းမှ ဆရာ ဆရာမများ ချက်ပြုတ်ကျွေးမွေးသည့် ကရင်ရိုးရာ ထမင်းဟင်းအရသာများကို ယနေ့တိုင်မမေ့ပါ။

ပြောင်းပြန်စီးသောမြစ်

ကျွန်တော်တို့ဆီက မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် ရေမြေတောတောင် သဘာဝအရ မြောက်မှတောင်သို့သာ စီးဆင်းကြစမြဲဖြစ်သည်။ သဘာဝအတိုင်း မစီးသော မြစ်သာမြစ်ကို စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ တွေ့ခဲ့ဖူးသည်။ ကရင်ပြည်နယ် မြဝတီမြို့နယ်ထဲက သောင်ရင်းမြစ်သည်လည်းပဲ ထိုနည်းတူစွာ တည်ရှိနေပါသည်။ ဆုံဆည်းမြိုင်ကျေးရွာအထက်နားမှာ ချောင်းငယ်လေးနှစ်ခုပေါင်းဆုံ၍ တောင်မှမြောက်သို့ စီးဆင်းလာရာမှ သောင်ရင်းမြစ် ဖြစ်တည်လာခြင်းပါပေ။ ကမ္မရိုက်ဒေသမှအပြန် မြဝတီမြို့မှာ ညအိပ်အခြေပြုပြီး နောက်တစ်နေ့ နံနက်တွင် ဝေါလေဒေသသို့ ဆက်လက်ထွက်ခွာကြသည်။ မြဝတီမှမယ်တော်သလေး၊ ယင်းမှ သောင်ရင်းမြစ်တစ်လျှောက် ဖလူးကြီး၊ ဖလူးလေး၊ သေ့ဘောဘိုး၊ ဆုံဆည်းမြိုင်၊ ဝေါလေ (ဝေါလေမြိုင်ဟုလည်း ခေါ်ပါသည်) သို့ရောက်ပါမည်။ သောင်ရင်းမြစ် အရှေ့ဘက်ကမူ ထိုင်းနိုင်ငံဖြစ်၏။ သေ့ဘောဘိုး၏ တစ်ဖက်ကမ်းမှာ မော်လီချိုင်းရွာ၊ ဆုံဆည်းမြိုင်၏ အရှေ့ဘက်မှာက မိုကယ်ထိုင်းရွာ၊ ဝေါလေ၏ အနီးအနားမှာတော့ ဝေါလီသိုက်ရွာများ ရှိနေပါသည်။ ကျွန်တော်တို့ ရောက်ခဲ့စဉ် အချိန်တုန်းကမူ ဆုံဆည်းမြိုင်၌ မူလရွာဟောင်းအပါအဝင် အိမ်ခြေ ၁၇၀ ခန့်၊ သေ့ဘောဘိုး၌ အိမ်ခြေ ၁၃၀ ခန့်၊ ဝေါလေတွင် အိမ်ခြေ ၅၀၀ ကျော်ခန့်ရှိသည်။ ဝေါလေ အထက ကျောင်းသို့လည်း ရောက်ခဲ့သေး၏။

ငြိမ်းချမ်းရေးအိမ်ရာများ တည်ဆောက်ပေး

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ ကရင်ပြည်နယ် မြို့နယ်အချို့တွင် DKBA နှင့် KNU တပ်ဖွဲ့ဝင်မိသားစုများအတွက် နေအိမ်များ ဆောက်လုပ်ပေးခဲ့သည်။ ကျေးရွာများတည်ပေးခဲ့သည်။ ရွာအမည်၊ တံတားအမည်၊ လမ်းအမည် တော်တော်များများကလည်း မြိုင်ကြီးငူဆရာတော်ကြီး၏ ဩဝါဒအတိုင်း မြိုင်ဆိုသောစာလုံးနှင့် ဆုံးထားကြသည်။ ဥပမာ- ထိုက်ဆန်းမြိုင်၊ ပွင့်ဆန်းမြိုင်၊ သစ္စာအေးမြိုင်၊ ဆုံဆည်းမြိုင် စသည်...စသည်ဖြင့်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်တွင် နေအိမ် ၂၇၈ လုံး၊ ပိုင်ကျုံ ဒေသ ပွင့်ဆန်းမြိုင်တွင် ၆၄ လုံး၊ ဖောထိခုဒေသ သဇင်အေးမြိုင်တွင် ၈၆ လုံး၊ ရွှေကုက္ကိုလ်ဒေသ ထိုက်ဆန်းမြိုင်ကျေးရွာတွင် ၉၂ လုံး စုစုပေါင်း ၅၂၀ ဆောက်လုပ်ပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကော့ကရိတ်မြို့နယ် ကောင်းမှုတွင် ၂၅ လုံး၊ မြဝတီမြို့နယ် ဆုံဆည်းမြိုင်တွင် အလုံး ၅၀၊ လှိုင်းဘွဲ့မြို့နယ် မဲသဝေါတွင် ၂၅ လုံး၊ မဲသရီတွင် အလုံး ၅၀၊ မော်ဖိုးကေတွင် အလုံး ၅၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်မြိုင်သာယာ စံပြကျေးရွာတွင် အလုံး ၁၀၀၊ မက္ကသာကျေးရွာတွင် အလုံး ၅၀ စုစုပေါင်း ၃၅၀ ဆောက်လုပ်ပေးခဲ့သည်။ မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၈၈ လုံး၊ ကရင်ပြည်နယ် အစိုးရအဖွဲ့က ၂၅ လုံး ပေါင်း၂၁၃ လုံးကို လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေပေးရေးလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းတို့ အပါအဝင် ဆောင်ရွက်ပေးခဲ့သည်။

ဝေါလေဒေသဖွံ့ဖြိုးရေး

DKBA (ကလိုထူးဘော) တပ်ဖွဲ့ဝင်များ၊ မိသားစုများအခြေချနေထိုင်ရာ ဆုံဆည်းမြိုင်၊ ဝေါလေဒေသများသည် ဒေါနတောင်တန်း၏ အရှေ့ခြမ်းဒေသများဖြစ်ကြသည်။ ထိုဒေသ၏ ရာသီဥတု၊ ရေမြေသဘာဝအရ အဓိကစိုက်ပျိုးရေးသီးနှံမှာ ပြောင်းဖြစ်သည်။ ထိုင်းနိုင်ငံဘက်တွင်လည်း ပြောင်းကိုပဲစိုက်ကြသည်။ သို့သော် မိမိတိုင်းရင်းသားတောင်သူများက ပြောင်းစိုက်ပျိုးရန် မျိုး၊ ဓာတ်မြေဩဇာ၊ ပေါင်းသတ်ပိုးသတ်ဆေး၊ ထွန်ယက်ခ၊ စိုက်ပျိုးခ၊ ရိတ်သိမ်းခမှစ၍ ထိုင်းနိုင်ငံကို မှီခိုနေရသည်။ အားလုံးအကြွေးယူ သီးနှံပေါ်ပေးစနစ်ဖြင့် လုပ်ကိုင်နေကြရာ အကျိုးရှိသင့်သလောက် အပြည့်အဝ မရခဲ့ကြပေ။ ဤအခက်အခဲကို တစ်စိတ်တစ်ဒေသ ဖြေရှင်းနိုင်စေရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ပြောင်းခြွေလှေ့စက်များ ဝယ်ယူထောက်ပံ့ပေးခဲ့သည်။

*စာမျက်နှာ ၉ သို့*

○ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ ကရင်ပြည်နယ် မြို့နယ်အချို့တွင် DKBA နှင့် KNU တပ်ဖွဲ့ဝင်မိသားစုများ အတွက် နေအိမ်များ ဆောက်လုပ်ပေးခဲ့သည်၊ ကျေးရွာများ တည်ပေးခဲ့သည်။ ရွာအမည်၊ တံတားအမည်၊ လမ်းအမည် တော်တော်များများ ကလည်း မြိုင်ကြီးငူဆရာတော်ကြီး၏ ဩဝါဒ အတိုင်း မြိုင်ဆိုသောစာလုံးနှင့် ဆုံးထားကြ

*စာမျက်နှာ ၈ မှ*

### မြိုင်ကြီးငူ/ လှိုင်းဘွဲဒေသဖွံ့ဖြိုးရေး

ဦးသာထူးကျော် ခေါင်းဆောင်သော DKBA အဖွဲ့သည် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် KNU မှ ခွဲထွက်ကာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ ဩဝါဒကိုခံယူ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရ ကလည်း မြိုင်ကြီးငူဒေသအတွက် ထီးဖိုးကလုံး- နောင်ကမြိုင်- ရွှေဂွန်း- မြိုင်ကြီးငူလမ်းကို နတလ အစီအစဉ်ဖြင့် ဖောက်လုပ်ပေးခဲ့သည်။ မြိုင်ကြီးငူ အထက၊ ဆေးရုံ၊ ရုပ်သံထပ်ဆင့်လွှင့် စက်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ တခွက်ဖိုးသကြားစက် တည်ပေးခဲ့သော်လည်း ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုအဆင်မပြေ၍ ရပ်တန့်သွားခဲ့၏။ လှိုင်းဘွဲမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနက မြိုင်ကြီးငူ- မဲသဝေါ လမ်းကို ၃၁/ ၀ မိုင် ကတ္တရာလမ်း ဖောက် လုပ်ပေးခဲ့သည်။ ယင်းလမ်းပေါ်တွင် ပေ ၆၀၀ အရှည်ရှိ မယ်ပေါ်ထတံတား (မြတ်မျိုးဆန်းမြိုင် တံတား)ကြီးကိုလည်း တည်ဆောက်ပေးခဲ့သည်။

မြိုင်ကြီးငူသို့ သွားရာလမ်းတွင် အမှတ်ရစရာ နှစ်ခု ရှိပါသည်။ တစ်ခုက ရွှေဂွန်းမှအထွက် ကမ်းနီ ကျေးရွာ ကားလမ်းဝဲယာ၌ ကုက္ကိုပင်ကြီးများသည် အကိုင်းအခက်များ ယှက်နွယ်အုပ်ဆိုင်းလျက် နေပြောက်ပင်မထိုးနိုင်အောင် အေးမြသည့် အရိပ် အာဝါသကို ပေးနေခြင်းပင်။ ယင်းအပင်များကို DKBA မှ အဘိုးဦးထွန်းလှိုင် စိုက်ပျိုးခဲ့ကြောင်း သိရ၏။ နောက်တစ်ခုမှာ ရွှေဂွန်းမှအထွက် လှမ်း၍ မြင်နေရသော ထော့ရွဲ့ရွာလေးသည် ကျွန်တော်တို့ စစ်တက္ကသိုလ်တက်ရောက်စဉ်က ကျွန်တော်တို့ အပတ်စဉ်၏ သင်တန်းမှူးဗိုလ်မှူးကြီးစောခင်စိုး၏ ဇာတိရွာလေး ဖြစ်နေခြင်းပင်။

မြိုင်ကြီးငူဆရာတော်ကြီးကား ဘဝနတ်ထံသို့ ပျံလွန်တော်မူခဲ့ပြီဖြစ်သည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဝိဇ္ဇာတမွေးနေ့မင်္ဂလာ အထိမ်းအမှတ်နှင့် စုံနံ့သာမြိုင်ဆွေမြို့တော် မြိုင်ကြီးငူဒေသ ငြိမ်းချမ်းမင်္ဂလာ အထိမ်းအမှတ် ပွဲကို နှစ်စဉ်ကျင်းပပြီး သံဃာတော် ၉၉၉၉ ပါး အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမှုများ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဆရာတော်ကြီးသည် မြိုင်ကြီးငူ လှိုင်းဘွဲဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဩဝါဒများ ပေး၍ စီစဉ်ဆောင်ရွက်သကဲ့သို့ ဖာပွန်မြို့နယ် ကမမောင်းဒေသ နို့ထရွာနှင့်အုန်းတောရွာအကြား ယွန်းစလင်းချောင်းကူး နို့ထတံတားကြီး အရှည် ပေ ၆၇၀ ကို တည်ဆောက်ပေးခဲ့သည်။

### ဘုရားကုန်း ငြိမ်းချမ်းရေးရွာ

KNU ဗဟိုကော်မတီဝင် ပဒိုအောင်ဆန်း ခေါင်းဆောင်သောအဖွဲ့သည် KNU မှ ခွဲထွက်၍ ၁၉၉၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ နိုင်ငံတော် အစိုးရက ၎င်းအဖွဲ့အတွက် ဘားအံမြို့အနီး ဘုရား ကုန်းကျေးရွာတွင်နေအိမ်များ ဆောက်လုပ်ပေးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်၍ ငါးကန်များ တူးဖော် ပေးခြင်း၊ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း၊ ဆေးခန်းများ တည်ဆောက်ပေး ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ဖထီးပဒို အောင်ဆန်းသည် ဖာပွန် ကမမောင်းဇာတိဖြစ်ပြီး ငယ်စဉ်က အုန်းတော သာသနာပြုကျောင်းတွင် ပညာသင်ယူခဲ့သည်။ ကျောင်းနေစဉ်က သူ့ကို နာမည် မမှည့်ရသေးကြောင်း၊ Mr. Andrew Lenny Hare က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ အမည်ကိုယူ၍ သူ့အား အောင်ဆန်း ဟု မှည့်ခေါ်ပေးခဲ့ကြောင်း၊ ငယ်စဉ်က ဆင်းရဲလွန်း၍ ဖိနပ်စီးရန်မရှိ၊ ကရင် သင်တိုင်းတစ်ထည်သာရှိ၍ ဒါဝတ်ဒါချွတ်လုပ်ခဲ့ရကြောင်း၊ မိမိ၏မွေးသက္ကရာဇ် အမှန်ကိုမသိရှိခဲ့ရ၍ ညောင်နှစ်ပင် အမျိုးသား ညီလာခံသို့ တက်ရောက်ခွင့် ရသောအခါမှသာ နှစ်(၁၀၀)ပြက္ခဒိန်နှင့် တိုက်၍ အတည်ပြုခဲ့ရ ကြောင်း၊ ငယ်စဉ်အခါကပင် ဖခင်ဖြစ်သူနှင့် တောထဲတောင်ထဲ လှည့်လည်သွားလာရင်း ဖခင်ကြီးက ဆေးဖက်ဝင်သစ်ဥ၊ သစ်ဖု၊ အရွက် အမြစ်အပင်များအား ပြသသင်ကြားပေးသဖြင့် သိနားလည်ခဲ့ရကြောင်း၊ အမျိုးသားညီလာခံ၌ မိမိနှင့်ရင်းနှီးသော မိတ်ဆွေများအတွက် အားဆေး တစ်မျိုးဖော်စပ်ဝေငှပေးခဲ့ရာ ဂီတစာဆိုအလင်္ကာ ကျော်စွာ ဟသ်ာတဦးမြင့်ဌေးက ယင်းဆေးအမည်ကို "ကျန်းမာပျော်ရွှင် အားဆေးဘုရင်" ဟု အမည် ပေးခဲ့ကြောင်း ရင်းရင်းနှီးနှီး ပြောပြခဲ့ဖူးပါသည်။

### ကြာအင်းဆိပ်ကြီး၊ အဇင်း၊ ကျိုက်ဒုံ

KNU တပ်မဟာ(၆)၊ တပ်ရင်း (၁၆) မှ ဦးစော သမူဟဲ ခေါင်းဆောင်သောအဖွဲ့သည် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ တရားဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့ကြသည်။ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် အခမ်းအနားသို့ ထိုစဉ်က ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးတို့ တက်ရောက်ခဲ့ကြ သည်။ ဦးစောသမူဟဲအဖွဲ့သည် အဇင်း၊ ကျိုက်ဒုံ ဒေသတွင် အခြေချကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်း၌ ကျိုက်ဒုံ-ပိုင်ကလိုင်-တောင်ကလေးလမ်း ၃၁/ ၀ မိုင်ကို ကွန်ကရစ်တံတားများ အပါအဝင် ငွေကျပ်သန်းပေါင်း ၄၈၆၀ သုံးစွဲဖောက် လုပ်ပေး ခဲ့သည်။ ဖားပြ-ဆိပ်ဖူးကုန်း-နှုန်းခ်ိဳး-လွှတ်ရှမ်း လမ်းကိုလည်း ဖောက်လုပ်ပေးကာ အဇင်း၊ ကျိုက်ဒုံ ဒေသ၏ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### သံတောင်ဒေသ ငြိမ်းချမ်းရေး

သံတောင်မြို့နယ် KNU တပ်မဟာ (၂)၊ တပ်ခွဲ (၃)မှဦးစောဖယ်ရီမိုး ဦးစီးအဖွဲ့သည် ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တရားဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့သည်။ ယင်းအဖွဲ့အခြေချ နေထိုင်မည့် ပျားစခန်းကျေးရွာတွင် နေအိမ်များ ဆောက်လုပ်ပေးပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဗဟုံး- ကျေးကတော့- မောင်ဘလေ့လမ်း ၂၃/၇ မိုင်ကို ဖောက်လုပ်ပေးခဲ့၏။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်။

### ထို့ကော်ကိုးနှင့် ရွှေကုက္ကိုလ်ဒေသ

ထို့ကော်ကိုးဆိုသည်မှာ KNU/ KNLA မှ ဖထီးဦးထိန်မောင်(ခ) ဦးငွေးမောင်နှင့် အဖွဲ့ ၂၀၀၇ ခုနှစ်ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသောအခါ နယ်စပ် ရေးရာဝန်ကြီးဌာနနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ တို့က ရွာသစ်တည်ပေးထားသော နေရာဖြစ်သည်။ ထိုအမည်ကို အသုံးပြုခေါ်ဝေါ်ပြောဆိုခါစက ကျွန်တော်တို့အဖွဲ့တွေ ထို့ကော်ကိုး ပြောလိုက်၊ ထော့ကိုကိုးပြောလိုက်နှင့် ဘာကိုအမှန်ယူရမည် မသိဘဲ လုံးလည်ချာလည် လိုက်ခဲ့ကြသည်ကို အမှတ်ရမိသည်။ ကျေးရွာသစ် တည်ဆောက်ရေး အတွက် နယ်စပ်/ စည်ပင် ဒုဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ နတလညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီး သန်းဆွေ(ယခု-ရာထူးဝန် ဥက္ကဋ္ဌ)တို့ မကြာခဏ သွားရောက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုစဉ်က နယ်စပ်/စည်ပင်ဝန်ကြီးဌာနအနေဖြင့်သာ ရှိပါသေးသည်။ နယ်စပ်ရေးရာ မဖြစ်သေးပေ။

KNU/ KNLA အဖွဲ့တည်နေရာ ထို့ကော်ကိုးနှင့် BGF နယ်ခြားစောင့်တပ်ရင်း တည်ရှိရာ ရွှေကုက္ကိုလ် ဒေသတို့သည် နယ်မြေချင်းကလည်း ဆက်စပ်နေ သည်မို့ ထိုဒေသများသို့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ပေးရာတွင်လည်း ဆက်စပ်မှုများ ရှိခဲ့သည်။ ရွှေကုက္ကိုလ်ဒေသကို ရွှေကုက္ကိုမြိုင်ဟူ၍ လည်း ခေါ်ကြ၏။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ၊ ဒေသမှ ထည့်ဝင်ငွေများဖြင့် ပူးပေါင်း ဆောက်လုပ်ခဲ့သော ရွှေကုက္ကိုလ်အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ကြီး ဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုနေ့မှာပင် ရွှေကုက္ကိုလ်ဒေသ အမှတ်(၂) ရပ်ကွက် အမကနှင့် အမှတ် (၅) ရပ်ကွက် အမကကျောင်းတို့ကို မူလတန်းလွန်ကျောင်းများအဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။

မြဝတီမြို့နယ်အတွင်း ထိုဒေသများ၌ ဖောက် လုပ်ပေးခဲ့သော လမ်း/တံတား လုပ်ငန်းများမှာ ဇရပ်ဖြူ-ကျော်ခို-ကော့ကော်လမ်း၁၀မိုင်၊ မဲပလဲ- ထိဝါကလေးလမ်း ၁၇/၅ မိုင်၊ ထို့ကော်ကိုး-ကျော်ခို လမ်း ၁၂/၄မိုင်၊ ထိဝါကလေး- တာလေလမ်း ၃၀/၀ မိုင်၊ တာလေ- ရှိုးထလမ်း ၃၀/၀မိုင်၊ ရွှေကုက္ကိုလ်- ထီးခိုတော - ရေကျော် - သက္ကာရ - ဖော်ဖားသူလမ်း ၂၁/၇ မိုင်တို့ဖြစ်ကြပြီး ဘဏ္ဍာနှစ်အလိုက် ကျောက် ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင် ရွက်ပေးခဲ့သည်။ မဲပလဲတံတားပေ ၃၆၀ နှင့် ထို့ကော်ကိုးရွာအဝင်တံတား ၆၅ ပေတို့ကိုလည်း တည်ဆောက်ပေးခဲ့၏။

### ရိက္ခာဆန်များထောက်ပံ့

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း၌ မြိုင်ကြီးငူ-မဲသဝေါကားလမ်းမကြီး ဖောက်လုပ် ဆဲကာလ၊ ငြိမ်းချမ်းရေးကျေးရွာများတွင် တပ်ဖွဲ့ ဝင်မိသားစုများအတွက် နေအိမ်များ ဆောက်လုပ် ပေးနေသောကာလအတွင်း၌ မြိုင်ကြီးငူ၊ လှိုင်းဘွဲ၊ နဘူး၊ ဒေါ်လန်း၊ မြဝတီ၊ မဲပလဲ၊ သက်န်းညီနောင်၊ ရွှေကုက္ကိုလ်ဒေသများတွင် နယ်စပ်ရေးရာဝန်ကြီး ဌာန၏အစီအစဉ်ဖြင့် ရိက္ခာဆန်များ ဖြန့်ဝေ ထောက်ပံ့ပေးခဲ့သည်။

### ထာဝရငြိမ်းချမ်းရေးသို့

ကျွန်တော် လွမ်းမိသောအရာများသည် ကရင် ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက ကြိုးပမ်း ဖော်ဆောင်ပေးခဲ့သော ငြိမ်းချမ်းရေးပုံရိပ်များကိုပဲ ဖြစ်ပါသည်။ မော်ဖိုးကေ၊ မဲသဝေါ၊ မဲလ၊ ဖလူး အစရှိသည့်ဒေသများစွာ၌ တစ်ချိန်က ဖြစ်ပွားခဲ့သော တိုက်ပွဲကြီးများ၊ အမြောက်သံ ဗုံးသံများ၊ ယမ်းခိုး ယမ်းငွေ့များ၊ ဆိုးရွားလှသည့် အနိဋ္ဌာရုံမြင်ကွင်း များကို မဟုတ်ပါ။ ငြိမ်းချမ်းခြင်း၏ ရလဒ်ဖြစ်သော ဒေသတည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း တို့ဖြင့် ထုံမွမ်းလှပနေသည့် ကရင်ပြည်နယ်၏ ရေမြေတောတောင်သဘာဝများကိုလည်း လွမ်းမိပါ သည်။ ကရင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်း ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သူအချို့လည်း ကွယ်လွန်ခဲ့ကြပေပြီ။

နိုင်ငံတော်၏ မည်သည့်ဒေသ မည်သည့် နေရာတွင်မဆို ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း လုပ်ငန်းများ၏ အန္တိမရည်မှန်းချက်ပန်းတိုင်သည် ထာဝရငြိမ်းချမ်းရေးရရှိရန်ပဲဖြစ်၏။ ၁၉၈၉ ခုနှစ်မှ အစပြု၍ ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့ကြစဉ် က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ် ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ အဘက်ဘက်မှ နောက်ကျကျန်ရစ် ခဲ့သည့် တိုင်းရင်းသားသွေးချင်းများ၏ နယ်မြေဒေသ များတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများမှအစ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဖော်ဆောင် ပေးခဲ့ကြသည်။ တစ်နည်းပြောရလျှင် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ကြသည်။ ယုံကြည်၍လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်း၊ လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးတိုင် လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်ကို မငြင်းနိုင်ပေ။

နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ၏ တာဝန်ယူမှု တာဝန်ခံ မှု၊ တိကျမှန်ကန်သော မူဝါဒလုပ်ငန်းစဉ်များ ချမှတ် နိုင်မှုတို့က ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် အဓိကမောင်းနှင်အားများ ဖြစ်ပါသည်။ ရရှိထားပြီး ဖြစ်သော ငြိမ်းချမ်းရေးအခြေခံကောင်းများသည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ လုပ်ငန်းစဉ်များကို အထောက်အကူပြုလိမ့်မည်ဟု အလေးအနက်ယုံကြည်မိပါသည်။ တိုင်းရင်းသား သွေးချင်းများအားလုံး ထာဝရငြိမ်းချမ်းရေး၏ အကျိုးရလဒ်များကို ရရှိခံစားနိုင်ကြပါစေ။ ။

# အောင်စိတ်မွေးပါ

တင်မောင်စိုး(မန်းမြေ)

**အောင်မြင်ချင်သလား။ အောင်မြင်ချင်ရင် အောင်စိတ်အရင်ရှိရပါမယ်။ အောင်နိမိတ် အတွေးနဲ့ အောင်စိတ်မွေးပါ။ အောင်စိတ်ဟာ အောင်မြင်စေဖို့အတွက် ရွေးချယ်မှုတစ်ခု ဖြစ်ပါတယ်။ ဆရာကြီးလယ်တွင်းသား စောချစ်နဲ့ စာပေဟောပြောပွဲများစွာ လိုက်ပါရင်း အောင်စိတ်အကြောင်း ပရိသတ်နှစ်သက်လက်ခံသဘောကျအောင် ဟောပြောအားပေးပုံတွေကို နားထောင်ခဲ့ရပါတယ်။ ကြားခဲ့ရ၊ မှတ်သားခဲ့ရဖူးပါတယ်။ ဘဝမှာ အောင်စိတ်ရှိဖို့က အခြေခံကျကျအရေးကြီးလှပါတယ်။**

### သင်ခန်းစာယူစရာ သမိုင်းအမြင်

အောင်မြင်မှုဆိုတာ မတော်တဆရလာတာ မဟုတ်ပါဘူး။ အောင်မြင်စေတဲ့အကြောင်းရင်းတွေကိုသိအောင် လေ့လာမှတ်သားပြီး ပြည့်စုံအောင် လုပ်ဆောင် အကောင်အထည်ဖော်တဲ့ အလုပ်မျိုးတွေကြောင့် အကျိုးဆက်ပေါ်ထွက်လာရတဲ့ အကြောင်းအကျိုး နိယာမသဘောသဘာဝပါပဲ။ **"အောင်မြင်ချင်ရင် မအောင်မြင်တဲ့ လမ်းကြောင်းအတိုင်း မလုပ်မိအောင် ကြိုးစား"**လို့ ဆရာတစ်ဦးက ညွှန်းခဲ့ဖူးပါတယ်။ တကယ့်ကို အမှန်တရားပါပဲ။ ထင်ရှားမြင်သာတဲ့အမှား၊ သင်ခန်းစာယူစရာ သမိုင်းအမြင်ပေပဲ။

သမိုင်းကို ရေးပြထားခဲ့ပြီးသား။

လက်ရှိ NUG , CRPH ဇော်ဝေစိုး၊ မင်းကိုနိုင် လက်နက်ကိုင်လမ်းစဉ်ကို မီးထိုးပေးနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကြံရွယ်ချက်၊ လုပ်ဆောင်ချက်တွေဟာ ဘယ်လောက်လက်တွေ့ကျသလဲ။ မအောင်မြင်တဲ့သူတွေရဲ့လမ်းကြောင်းအတိုင်း သွေးခင်းပြီးလိုက်စေအောင် တွန်းချနေတာတွေပဲ မဟုတ်လား။ သေသေချာချာ စဉ်းစားကြည့်ကြပါလေ။

အောင်မြင်ချင်ရင် အောင်မြင်တဲ့သူတွေရဲ့ တည်ဆောက်ရေး၊ ထူထောင်ရေး အပြုသဘောစွမ်းဆောင်ချက်တွေကိုသာ လေ့လာသုံးသပ်ပြီး ဆောင်ရွက်ကြရမှာ မဟုတ်ဘူးလား။ ဒီခေတ်မှာ သိပ္ပံနည်းကျ

**"အောင်မြင်ချင်ရင် အောင်မြင်တဲ့သူတွေရဲ့ တည်ဆောက်ရေး၊ ထူထောင်ရေး အပြုသဘောစွမ်းဆောင်ချက်တွေကိုသာ လေ့လာသုံးသပ်ပြီး ဆောင်ရွက်ကြရမှာ မဟုတ်ဘူးလား။ ဒီခေတ်မှာ သိပ္ပံနည်းကျ သုတေသနပြုပြီး ခိုင်လုံတဲ့သက်သေ၊ သာဓကတွေနဲ့ မြင်ကွင်းကျယ် သိမြင်နိုင်ပါလျက်နဲ့ မျက်ကွယ်ပြုပြီး ငါလုပ်တာမှ အမှန်၊ ငါစီမံတာပဲ အဟုတ်၊ မလည်မဝယ်လူငယ်တွေကို လက်နက်ခဲယမ်းတွေ၊ ဗုံးတွေ၊ မိုင်းတွေ၊ ဖောက်ခွဲဖျက်ဆီး မီးရှို့စရာတွေပေးပြီး နိုင်ငံနဲ့နိုင်ငံသားတွေကို အရှက်မဲ့စွာ ဖျက်ဆီး ဒုက္ခပေးနေမယ်ဆိုရင် ယခင်က ကျော်ကြားထင်ရှားဖူးတဲ့ နာမည်ကောင်း၊ သမိုင်းကြောင်းအကောင်းတွေကို လက်နဲ့ ရေးခဲ့တာ ခြေနဲ့ဖျက်သလိုဖြစ်ရတော့မှာပဲ"**

သို့သော် ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ မွန်ပြီး အမှောင်ဖုံးနေခဲ့မိရင် ဒီအမှန်တရားကို ဘယ်လိုမှ မမြင်နိုင်။ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်ရန်အောင်၊ ဗိုလ်မှူးချစ်ကောင်း၊ ဗိုလ်သက်ထွန်းဆိုတဲ့ မျိုးချစ်ခေါင်းဆောင်လူငယ်တွေဟာ သူ့ခေတ်နဲ့သူ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေမှာ အသက်စွန့်ပြီး ပါဝင်ခဲ့ကြတဲ့ လူငယ်တွေပါပဲ။ ဝါဒရေးမှိုင်းမိတဲ့အခါ လက်နက်ကိုင်ပုန်ကန်ရေးလမ်းစဉ်ကို အရွေးမှားမိခဲ့ကြတယ်။ လေးစားစရာကောင်းခဲ့တဲ့ သူတို့ရဲ့သမိုင်းကြောင်းဟာ ရေစုန်မျောခဲ့ရတယ်။ လက်နက်ကိုင်တိုက်ပွဲ ပဋိပက္ခရဲ့ ဆိုးကျိုးဒဏ်ကို ပြည်သူတွေ သွေးပင်လယ်ဝေအောင် ခံခဲ့ကြရတာ သွေးနဲ့ရေးကြရတဲ့ မိမိတို့နိုင်ငံ သမိုင်းစာမျက်နှာတွေမှာ သွေးမခြောက်သေးပါဘူး။ မြေစာပင်တွေပါ။

### မှားယွင်းတဲ့ ရွေးချယ်ဆုံးဖြတ်မှု

ထိပ်တန်းလူတော် နိုင်ငံရေးသမားတွေရဲ့ ဒါမျိုးမှားယွင်းတဲ့ ရွေးချယ်ဆုံးဖြတ်မှုတွေဟာ တကယ်တော့ ထပ်ခါထပ်ခါကြော့ပြီး မချွတ်ချော်မလွဲမှားသင့်သော်လည်း သခင်စိုးလည်း ဒီအမှားချောက်ထဲကျခဲ့ဖူးတာပဲ။ သခင်နု၊ ဗိုလ်လက်ျာ စသည် စသည် ပြည်ပအားကိုးနဲ့ လက်နက်ကိုင်တော်လှန်ပုန်ကန်ရေး လုပ်ဆောင်ခဲ့ကြတဲ့ ရဲဘော်ထွန်းကျော်(ခေါ်)စိုးဝင်း (လူထုဒေါ်အမာရဲ့ သားအကြီးဆုံး)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားခေါင်းဆောင် ဘဆွေလေး (စတဲ့ တောတွင်းမှာ သွေးမြေကျခဲ့ကြတဲ့ ကျောင်းသားနိုင်ငံရေးသမားတွေ) လူငယ်အညွန့်အဖူး၊ လူတော်၊ လူတတ်ပေါင်းများစွာဟာ အမှားသရုပ်နဲ့ သုတေသနပြုပြီး ခိုင်လုံတဲ့သက်သေ၊ သာဓကတွေနဲ့ မြင်ကွင်းကျယ် သိမြင်နိုင်ပါလျက်နဲ့ မျက်ကွယ်ပြုပြီး ငါလုပ်တာမှ အမှန်၊ ငါစီမံတာပဲ အဟုတ်၊ မလည်မဝယ်လူငယ်တွေကို လက်နက်ခဲယမ်းတွေ၊ ဗုံးတွေ၊ မိုင်းတွေ၊ ဖောက်ခွဲ ဖျက်ဆီးမီးရှို့စရာတွေပေးပြီး နိုင်ငံနဲ့နိုင်ငံသားတွေကို အရှက်မဲ့စွာ ဖျက်ဆီးဒုက္ခပေးနေမယ်ဆိုရင် ယခင်က ကျော်ကြားထင်ရှားဖူးတဲ့ နာမည်ကောင်း၊ သမိုင်းကြောင်းအကောင်းတွေကို လက်နဲ့ရေးခဲ့တာ ခြေနဲ့ဖျက်သလိုဖြစ်ရတော့မှာပဲ။

### ဦးတည်ချက် မလွဲမှားကြစေချင်

လူတိုင်း လူတိုင်းက ကိုယ့်သမိုင်းကိုယ် ရေးနေကြရတာလေ။ ကိုယ့်တစ်ကိုယ်စာ အောင်မြင်မှုလေးကို ဦးစားမပေးပါနဲ့။ ပြည်သူနဲ့နိုင်ငံအတွက် တိုးတက်အောင်မြင်မှု အောင်ပွဲတွေကို တည်ဆောက်ဖန်တီးပေးဖို့ ဦးစားပေးရမှာမဟုတ်လား။ ဦးတည်ချက် မလွဲမှားကြစေချင်လို့ပါ။ UK က ကူညီတာကောင်းစေချင်လို့ ဟုတ်၊ မဟုတ်။ US က ထောက်ပံ့တာ အပြုလား၊ အဖျက်လား။ UN က လုပ်ဆောင်နေပုံတွေဟာ အမှန်တကယ်ရော တရားမျှတရဲ့လား။ လူသားဝါဒ ပီသရဲ့လား။ အကြမ်းဖက်လူသတ်သမားတွေကို အားပေးမှာလား။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာ မြင်ပြီလား။ တကယ့် တကယ်အောင်မြင်မှုဆိုတာ သင့်ဘဝအဆင်ပြေနေရုံလေး မဟုတ်ပါ။ ကိုယ့်တစ်ကိုယ်စာ ကောင်းစားရေးဆိုတာ အစစ်အမှန် အောင်မြင်မှုမဟုတ်ဘူး။ လူမျိုးနဲ့ နိုင်ငံအတွက်ပါ အလေးအနက်အကျယ်အပြန့် ဖြန့်ပြီးစဉ်းစားတတ်ရမှာ။

မှတ်သားသင့်တဲ့ အောင်မြင်မှုကို ဟန့်တားမှု၊ အဆီးအတားတွေကို မြင်အောင်ကြည့်ပါဗျာ။ သိအောင်လေ့လာပြီး ရှောင်နိုင်ပါစေ။ သင့်ရဲ့အမှားဝန်ထုပ်ဝန်ပိုးကြီးတွေကို ပြည်သူတွေ ဒုက္ခဆင်းရဲပင်လယ်ဝေအောင် မဖိစီးမိပါစေနဲ့။

၁။ အတ္တကြီးနေခြင်း၊

၂။ ဆုံးရှုံးရမှာကို ကြောက်ရွံ့ခြင်း၊

၃။ ရည်မှန်းချက်ပန်းတိုင် (ကောင်းကောင်း) မရှိခြင်း၊

၄။ လက်တွေ့ကျတဲ့ စီမံချက်မရှိခြင်း၊ ( ခိုင်းတာလုပ်နေရင် ရေစုန်မျောမယ်)

၅။ အပြောင်းအလဲများခြင်း၊

၆။ အချိန် (နေ့ရွှေ့ ညရွှေ့နဲ့) ဆွဲခြင်း၊

၇။ မိသားစုကိစ္စကိုပဲ အာရုံများခြင်း၊

၈။ ငွေရေးကြေးရေး အာမခံချက်မရှိခြင်း၊

၉။ တစ်ခုခုကို အာရုံမစိုက်ဘဲ ထွေပြားခြင်း၊

၁၀။ တစ်ဦးတည်း ထင်ရာလုပ်ခြင်း၊

၁၁။ ခေါင်းမာခြင်း၊

၁၂။ အဝတ်အစားလျှပ်ပေါ်လော်လည်ခြင်း၊

၁၃။ လေ့လာသင်ယူမှု နည်းခြင်း၊

၁၄။ မာန်မာနလွန်ကဲခြင်း၊ ဘဝင်မြင့်ခြင်း၊

၁၅။ ဦးစားပေးအဆင့် မှန်ကန်စွာ မသတ်မှတ်နိုင်ခြင်း စတာတွေပါ။

ဆက်စဉ်းစားပါ။ ဒါတွေက ရှောင်ရမယ့်၊ မအောင်မြင်စေခဲ့တဲ့ သမိုင်းသင်ခန်းစာတွေပါ။

အောင်မြင်မှုက ခြေထောက်လေးချောင်း ထောက်ထားသလို အဓိကလေးချက် ဟန်ချက်ညီညီ မိမိဆီမှာ ရှိနေရမယ်။ ပြည့်စုံရပါမယ်။

၁။ ဆန္ဒာဓိပတိ = နေ့နေ့ညည စိတ်အားထက်သန်ပြီး ခါးတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မယ်ဆိုတာမျိုး ဆန္ဒပြင်းပြနေရမယ်။

၂။ ဝီရိယာဓိပတိ = အရိုးကျေကျေ အရေခန်းခန်း သေတစ်နေ့ မွေးတစ်နေ့ပဲကွာ လဲသေသွားစမ်းပါစေ၊ မနားမနေ အဆက်မပြတ် ကြိုးစားအားထုတ်မယ်ဆိုတဲ့ ဇွဲလုံ့လ။

၃။ စိတ္တာဓိပတိ = ငါဟာကောင်းမှု ကောင်းကျိုးပြုဖို့ဖြစ်တယ်။ ကုသိုလ်စိတ်နဲ့ အရင်းတည်တယ်။ မှန်ကန်တယ်။ မျှတတယ်။ တရားတယ်။ သဒ္ဓါ၊ သီလ စတဲ့အကျင့်မှန်တရားတွေပါလို့ မုချအောင်မြင်ရမယ်ဆိုတဲ့ ထက်သန်တဲ့စိတ်။

၄။ ဝီမံသာဓိပတိ = ကိုယ်သိရ၊ တတ်ရမယ့် လုပ်ငန်းဆိုင်ရာမှာ ကောင်းစွာ နှံ့စပ်ကျွမ်းကျင်တဲ့ သုတအတွေ့အကြုံရော၊ မုတအတွေ့အကြုံပါ ပြည့်စုံမှုရှိရမယ်။ တကယ်တတ်ကျွမ်းပါစေ။

ဒီလေးချက်နဲ့ ပြည့်စုံသူဟူသမျှဟာ ခရစ်တော်မပေါ်မီကာလမှာလည်း အောင်မြင်ခဲ့တာပဲ။ ယခုလည်းအောင်မြင်နေကြတာပဲ။ နောင်လည်း အောင်မြင်မှာပဲ။ သေချာမလွဲ။ ဒီလေးချက်မပါဘဲ ထော့ကျိုးထော့ကျိုးနဲ့ပဲ လေထဲကနွေဦးတော်လှန်ရေးအမည်ခံ လုပ်ဆောင်သမျှ၊ သပိတ်စုံလည်းကျရှုံးခဲ့ပြီးပြီ။ သူပုန်ထတာလည်း အရိုးတောင်လိုပုံပြီး အကုန်ကျဆုံးရမှာပဲ။

ခါးသီးတဲ့ အမှန်တရားဟာ လူနာကို ကျန်းမာစေချင်လို့ပါ။ ။

## ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေကျပ် ၃၁၄၆ ဒသမ ၂၀၅ သန်းဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ကတ္တရာလမ်း ၄ မိုင်၊ ကျောက်ချောလမ်း ၈ မိုင်၊ အမာခံ ဖြူန်းကျောက်ခင်းခြင်း ၂၀ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၈ မိုင် ၄ ဖာလုံ၊ ၁၅ ပေ သံကူကွန်ကရစ်တံတားတစ်စင်း၊ Box Culvert ငါးစင်း၊ (၁၂၀ x ၃၀ x ၂၆) ပေ စာသင်ကျောင်းဆောင်တစ်ဆောင်၊ ဆိုလာမီးတပ်ဆင်ခြင်း ၄၁ စုံတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် များစွာ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ၌ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၁၀၀ ၊ Oxygen Generator နှစ်ခု ၊ PPE ဝတ်စုံ ၂၇၅၀ နှင့် နှာခေါင်းစည်း (Mask) ၁၇ တန် တင်သွင်းခဲ့သည်။



ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေးပစ္စည်းများ တင်သွင်းလာသည့် ယာဉ်များကို တွေ့ရစဉ်။

အောက်တိုဘာ ၁ ရက်မှ ၉ ရက်အတွင်း ကုမ္ပဏီ ၂၄ ခုမှ ယာဉ်စီးရေ ၅၇ စီးဖြင့် အောက်ဆီဂျင် အရည်(Bowser)ယာဉ်ဖြင့် ၇၈ တန်၊ Storage Container နှစ်ခု၊ အောက်ဆီဂျင်(အရည်) Distri-butor သုံးခု၊ အောက်ဆီဂျင် (အိုးခွံ) ၈၆၉၂ ခု၊ Oxygen Plant ၁၀ ခု၊ Oxygen Generator နှစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၇၅ ခု၊ Test Kit ၁၀၀၀၀ ၊ PPE ဝတ်စုံ ၂၇၅၀ ၊ လက်အိတ် ၁၆ တန်နှင့် နှာခေါင်းစည်း (Mask) ၂၃၄ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

အောက်တိုဘာ ၁ ရက်မှ ၉ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း လေးစီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant စုစုပေါင်း ၁၀ ခုမှာ ရန်ကုန်မြို့သို့ ငါးခု၊ ကူမဲမြို့သို့ နှစ်ခု ၊ မန္တလေးမြို့၊ ဟုမ္မလင်းမြို့နှင့် ကျုံဒိုးမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉** အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများ




အား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၆ မျိုး ၃၄၂၄၀.၈၂ Kg၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုတို့မှ Disposable Face Mask ၁၃၀၀ Kg၊ Oxygen Plant နှစ်ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သိန္နီမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

**သိန္နီ အောက်တိုဘာ ၉**

ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သိန္နီမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကုန်းညောင်ကျေးရွာ အုပ်စုနှင့် ကွန်ကောက်ကျေးရွာ အုပ်စုများရှိ ပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို အောက်တိုဘာလ ပထမပတ်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက တိုင်းရင်းသားပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။



**ချစ်လှ**

❄ *ကျောဖုံးမှ*

ဘုတ်ပြင်း-အုန်းတောကမ်း တံတားသစ်သည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်၍ တံတားအရှည် ပေ ၁၂၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါဝင်သည်။ တံတား၏ ရေလမ်းကင်းလွတ် အကျယ် ၈၃ ပေနှင့် အမြင့် ၁၈ ပေရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) တံတားအထူးအဖွဲ့(၁၃)မှ ငွေကျပ် ၅၄၃၄ သန်း အသုံးပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဘုတ်ပြင်း-အုန်းတောကမ်း တံတားသစ်ကို တံတားအောက်ခံ အုတ်မြစ်များအား အချင်း (၁ ဒသမ ၂) မီတာရှိသည့် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကာ တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ တံတားအပေါ်ထည်အား သံကူကွန်ကရစ်ရက်မ၊ သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ ပင်လယ်ရေငန်နှင့် ထိစပ်နေသောအပိုင်းများတွင် ရေငန်ထိတွေ့မှု ခံနိုင်ရည်ရှိစေရန်အတွက် သတ်မှတ်ချက်နှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းများအား တိုက်စားမှုဒဏ်ခံဆေး သုတ်လိမ်းထားကြောင်း တံတားအထူးအဖွဲ့(၁၃)မှ သိရသည်။

အဆိုပါ တံတားသစ် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဧပြီ ၁၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ အချောသပ်ဆောင်ရွက်ပြီးစီး၍ တံတားချဉ်းကပ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အုန်းတောကမ်းဘက်ရှိ ကျေးရွာအုပ်စုများမှ ဒေသခံများ ဘုတ်ပြင်းမြို့သို့ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။ ထို့အတူ ခြံထွက်သီးနှံများနှင့် ရေထွက်ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုလျင်မြန်လွယ်ကူလာမှုနှင့်အတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



ဘုတ်ပြင်း – အုန်းတောကမ်း တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

**ခိုင်ထူး (ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မြစ်သားမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လွန်ကျော်မြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် မိုးညှင်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ခြောက်သိန်းကျော် ရှိလာ

**ရီယိုဒီဂျနေးယိုး အောက်တိုဘာ ၉**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၆၀၀၀၀၀ အထိ ရှိလာသည်ဟု ဘရာဇီးကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၈ ရက်တွင် ပြောသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၆၀၀၄၂၅ ဦးရှိလာသည်ဟု သိရသည်။

ရီယိုဒီဂျနေးယိုးမြို့တွင်လည်း ဗီဇပြောင်း ဒယ်လ်တာကူးစက်မှု ပျံ့နှံ့လျက်ရှိသည်။ အရပ်ဘက်အုပ်စုတစ်စုသည် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများကို ရည်စူးကာ ကမ်းခြေတွင် ပိတ်စအဖြူ ၆၀၀ ကို ချိတ်ဆွဲခဲ့သည်။ အစိုးရက ကိုဗစ်-၁၉ ကာကွယ်ရေး အစီအစဉ်များမှာ လုံလောက်မှုမရှိဟု ဆန့်ကျင်ခဲ့ကြသည်။ ဘရားဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှု များမှာ နှောင်းပိုင်းတွင် ကျဆင်းခဲ့သည်။

စက်တင်ဘာလ တစ်လတည်းတွင်ပင် သေဆုံးသူ ၁၆၀၀၀ ရှိသည်။ ကူးစက်မှုအမြင့်ဆုံးဖြစ်သည့်ဧပြီလအတွင်းက သေဆုံးမှုနှင့် နှိုင်းယှဉ်လျှင် ငါးပုံပုံ တစ်ပုံသာ ရှိသည်။ လာမည့် ဖေဖော်ဝါရီလအတွင်း ရီယိုဒီဂျနေးယိုးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပွဲတော်ကို အတားအဆီးအကန့်အသတ်မရှိ ကျင်းပရန် ပြင်ဆင်နေသည်။

ဘောလုံးကွင်းများ၌လည်း ပွဲကြည့်ပရိသတ်များနှင့် ပတ်သက်သည့် စည်းကမ်းများကို ဖြေလျှော့ပေးနေပြီဖြစ်သည်။ ကူးစက်မှုများကို အပြည့်အဝမနိုမ်နင်းနိုင်သေးမီ ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်း အပါအဝင် လူအများအပြား ပါဝင်သည့်ပွဲများ ကျင်းပခြင်းဖြင့် ကူးစက်မှုအန္တရာယ်ဖြစ်လာနိုင်သည်ဟု ဒေသခံကျန်းမာရေး ကျွမ်းကျင်သူများက သတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ပိတ်စဖြူ ၆၀၀ ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။

# ၃၇ နှစ်ကြာ နယ်နှင်ဒဏ်ပေးခံရပြီးနောက် ဆီးရီးယားသမ္မတ၏ဦးလေး နိုင်ငံအတွင်းပြန်လာ

**ဒမတ်စကတ် အောက်တိုဘာ ၉** ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်အာဆတ်၏ ဦးလေးဖြစ်သူ ရီဖတ်အယ် အာဆတ်သည် ၃၇ နှစ်ကြာ နယ်နှင်ဒဏ် ပေးခံရပြီးနောက် ဆီးရီးယားနိုင်ငံသို့ ပြန်လာပြီဖြစ်ကြောင်း အောက်တိုဘာ ၈ ရက် ညပိုင်းတွင် အယ်ဝါတန် အွန်လိုင်းသတင်းစာတွင် ဖော်ပြထားသည်။

ဦးလေးဖြစ်သူ ပြန်လာနိုင်ရေးအတွက် သမ္မတ အာဆတ်က ခွင့်ပြုပေးခဲ့သည်ဟု ဖော်ပြထားသည်။ ရီဖတ်အယ်အာဆတ်သည် ဆီးရီးယားသို့ အောက်တိုဘာ ၇ ရက်တွင် ရောက်ရှိခဲ့ပြီး နိုင်ငံရေးနှင့် လူမှုရေး ရာထူးများ ယူထားခြင်းမရှိဟု သိရသည်။



ဆီးရီးယားသမ္မတ၏ ဦးလေးဖြစ်သူ ရီဖတ်အယ်အာဆတ်။

ပြင်သစ်တရားရုံးက ၎င်းကို ဘဏ္ဍာရေးပြစ်မှုဖြင့် ထောင်ဒဏ်လေးနှစ် ချမှတ်ပြီးနောက် ဆီးရီးယားနိုင်ငံသို့ ပြန်လာခြင်းဖြစ်သည်။

၎င်းပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၁၀၆ သန်းနှင့် စပိန်နိုင်ငံရှိ ပိုင်ဆိုင်မှုများကိုလည်း ပြီးခဲ့သည့်နှစ် အနည်းငယ်အတွင်းက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခံခဲ့ရသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ ပေါက်ကွဲမှု လူ ၄၆ ဦးထက်မနည်းသေဆုံး အိုင်အက်စ်စစ်သွေးကြွ လက်ချက်ဟုဆို

**ကဘူးလ် အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်မြောက်ပိုင်း ကန်ဒုဇ်မြို့တွင် ဘာသာရေး အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၄၆ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အာဖဂန်အရာရှိများက ပြောသည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုက ၎င်းတို့၏ လက်ချက်ဟု ပြောကြားခဲ့သည်။ ပေါက်ကွဲမှုမှာ အောက်တိုဘာ ၈ ရက်မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူအရေအတွက်မှာ ၁၄၀ ကျော်ရှိသည်ဟု ပြည်နယ်အစိုးရက ပြောသည်။ အောက်တိုဘာ ၈ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ စစ်သွေးကြွတစ်ဦးသည် အသေခံဗုံးဖောက်ခွဲခြင်းဖြစ်သည်ဟု အိုင်အက်စ်တို့က ပြောသည်။

စက်တင်ဘာလအတွင်း တာလီဘန်တို့က ကြားဖြတ်အစိုးရဖွဲ့စည်းပြီးနောက်တွင် အပြင်းထန်ဆုံးတိုက်ခိုက်မှုလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်နိုင်ငံ အတ္တလန္တာ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ လိုက်ပါသူ လေးဦးသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၉**

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့အနီးတွင် အောက်တိုဘာ ၈ ရက်မွန်းလွဲပိုင်းက လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လူလေးဦးစလုံး သေဆုံးသွားခဲ့ရသည်ဟု သိရသည်။

အင်ဂျင်တစ်လုံးတပ် ဆက်စနာလေယာဉ်မှာ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ပြီး အတ္တလန္တာမြို့မှ ပျံသန်းလာသည့် လေယာဉ်ငယ်တစ်စင်းဖြစ်သည်ဟု လေကြောင်းစီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။ လေယာဉ်ပေါ် လိုက်ပါလာသည့် လူလေးဦးစလုံးသေဆုံးခဲ့ပြီး မည်သူမည်ဝါဖြစ်ကြောင်းကိုမူ ဖော်ပြခဲ့ခြင်း မရှိပေ။

လေယာဉ်ငယ်ပျက်ကျရမှုအတွက် အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှုဘုတ်အဖွဲ့မှ စုံစမ်းစစ်ဆေးမှုကို ဦးဆောင်သွားမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၉၇၅၁ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၉**

မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၈ ရက်ညပိုင်းတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၉၇၅၁ ဦး တိုးလာပြီး တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၂၃၂၃၄၇၈ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ် ကူးစက်ခံရသူများအနက် ၁၅ ဦးမှာ ပြည်ပမှ ကူးစက်ခံလာရသူများ ဖြစ်ပြီး ဒေသတွင်းကူးစက်ခံရသူ ၉၇၃၆ ဦးရှိသည်ဟု ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နောက်ထပ်သေဆုံးသူ ၇၈ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၂၇၁၉၁ ဦး အထိ ရှိလာသည်။ ပြန်လည်ကျန်းမာလာပြီးနောက် ဆေးရုံမှ ဆင်းသွားသူ အရေအတွက်မှာလည်း ၁၂၇၂၄ ဦး တိုးလာခဲ့သည်။

လက်ရှိ ရောဂါခံစားနေရသူ အရေအတွက်မှာ ၁၂၅၉၉၉ ဦးရှိပြီး ၇၉၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။

အောက်တိုဘာ ၈ ရက် တစ်ရက်တည်းတွင်ပင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၇၄၈၂၀ ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးသူ အရေအတွက်မှာ ၇၄ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ အရေအတွက်မှာမူ ၆၄ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ **ဆင်ဟွာ**



ဆယ်ကျော်သက်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

ပြည် အောက်တိုဘာ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ချောင်းကောင်းကျေးရွာအုပ်စု ချောင်းကောင်း-သပြေတောင်လမ်း အရှည်(၂)မိုင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြည်မြို့နယ် ဝွေးပင်ကုန်းကျေးရွာ အဝင်တံတား တည်ဆောက်နေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးစေရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဝွေးပင်ကုန်းကျေးရွာတွင်းနက်စက်ရေတွင်းမှ ဆိုလာစနစ်ဖြင့် သောက်သုံး



ရေတင်နေမှုအား သွားရောက်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့ မုယာပင်ခန်းမ၌ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၉၉ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၆၅ ခုတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းတောင်းမြို့ ရွှေဘုံသာမုနိစေတီတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ခဲ့ပြီး မျက်နှာကြက် အလယ်ကွက်နှင့် မျက်နှာကြက် ဘေးကွက်အတွက် အလှူငွေကျပ် ၂၅၉၅၀၀၀ ကို လှူဒါန်းခဲ့သည်။ ၎င်းနောက် ပြည်မြို့ မဟာသုဒဿနာရာမကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကို သွားရောက်ဖူးမြော်ကန်တော့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ရွှေဆံတော်စေတီတော်သို့ သွားရောက်ဖူးမြော်ကန်တော့ကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ(၁)သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၉

**ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး /ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။ ထိုသို့ထိုးနှံပေးရန်အတွက် အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် Covishield အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ တစ်သန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၉ ရက် ည ၉ နာရီ မိနစ် ၄၀ က ထပ်မံရောက်ရှိလာခဲ့ရာ ကုသရေး/ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး ဦးဆောင်သည့်အဖွဲ့မှ လက်ခံရယူသည်။**

အဆိုပါ ကာကွယ်ဆေးများကို ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း (Central Cold Room)တွင် အအေးလမ်းကြောင်း မပျက် သိုလှောင်ထားရှိမည် ဖြစ်သည်။ ထိုသို့ ကာကွယ်ဆေးများ သိုလှောင်ထားရှိရာ၌ အအေးလမ်းကြောင်း စံချိန်စံညွှန်းများနှင့်အညီ ထားရှိရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှု၍ ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သိုလှောင်ထားရှိသည့် ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

ယခု ရောက်ရှိလာသော ကာကွယ်ဆေးများကို မူလဦးတည်အုပ်စုများနှင့် ထပ်မံတိုးချဲ့ထားသော ဦးတည်အုပ်စုများအား ဦးစားပေးအစီအစဉ်များအလိုက် ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်သည်။

အောက်တိုဘာ ၉ ရက်အထိ ကာကွယ်ဆေးများ ရောက်ရှိလာမှုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော Covishield နှစ်သန်း၊ Sino-pharm ၁၄ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၈ သန်း doses ရောက်ရှိပြီး ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး doses ခြောက်သန်းကျော်အားလည်း လက်ခံရရှိပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်အထိ လူဦးရေ စုစုပေါင်း ၉၅၇၄၃၉၃ ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၄၀၈၃၃၃၇ ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၅၄၉၁၀၅၆ ဦး ရှိပြီဖြစ်သည်။ သို့ဖြစ်ပါ၍ အောက်တိုဘာ ၈ ရက်ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၁၃၆၅၇၇၃၀ ကြိမ် ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများ အနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှု ခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေး ထိုးနှံမှုရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှု ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ သတင်းစဉ်






# ညောင်ရွှေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ညောင်ရွှေ အောက်တိုဘာ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံခြင်းကို ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုတို့တွင် ဆေးထိုးအဖွဲ့ ရှစ်ဖွဲ့ဖြင့် အောက်တိုဘာ ၇ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ပြည်သူပေါင်း ၇၅၆၀ ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အသက် (၅၅ နှစ်) နှင့်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်နှင့်မိသားစုဝင်များ၊ ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများမှ ပြည်သူများ၊ နာတာရှည်နှင့် မကူးစက်နိုင်သော ရောဂါရှိသူများကို ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် (၅၅ နှစ်) မပြည့်သေးသော်လည်း ဦးစားပေးအုပ်စုများတွင် ပါဝင်သူများကိုလည်း ထိုးနှံပေးလျက်ရှိသည်။

ညောင်ရွှေမြို့နယ်အတွင်း ဆေးထိုးစုရပ်များအဖြစ် မြို့မစုရပ်အပါအဝင် နန်းပန်၊ စံကား၊ ရွာမ၊ ခေါင်တိုင်၊ မန်ကျည်းဆိပ်၊ သပြေပင်၊ မိုင်းသောက်ကျေးရွာတို့ကို အခြေပြု၍ မိဘပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ စိုင်းအယ်ဘဲ




အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း
(mask) ကို
စနစ်တကျ မပျက်မကွက်
တပ်ဆင်ပါ


တော တောင် ခြောက် ခန်း၊ လယ် ယာ နွမ်း ၏

# အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး မိဘတွေအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် စီမံဆောင်ရွက်ထား

■ တွေ့ဆုံမေးမြန်း-ဇေယျာဝင်း(ခရိုင်ပြန်/ဆက်)၊ ဓာတ်ပုံ - ဒီဇိုင်း(ရတနာမြေ)၊ ဟန်ထွန်း(အင်းဝ)

**ခန္တီးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ခရိုင်ပညာရေးမှူး ဦးကျော်သူနှင့် တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြအပ်ပါသည် -**



**မေး ။ ။ ကျောင်းများပြန်ဖွင့်ချိန်မှာ နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ စီစဉ်ဆောင်ရွက်ထားရှိမှုကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့အခြေခံပညာကျောင်းတွေကို ကျောင်းပြန်ဖွင့်ဖို့စီစဉ်ထားပါတယ်။ မဖွင့်မီမှာ ကလေးတွေကို ကိုဗစ်ကာကွယ်ဆေး ထိုးပေးချင်တဲ့အတွက် အောက်တိုဘာလမှာစပြီး ပထမအကြိမ်ထိုးဖို့ စီစဉ်ထားပါတယ်။ အသက် ၁၂ နှစ်နဲ့အထက် ကလေးတွေဖြစ်တဲ့အတွက် စာရင်းဇယား အတိအကျရရှိဖို့ သက်ဆိုင်ရာ မြို့နယ်တွေကိုလည်း ဒီစာရင်းတွေ ကောက်ဖို့ အတွက် လမ်းညွှန်ပြီးပါပြီ။ နောက်တစ်ခါ ကျွန်တော် တို့ဆေးထိုးတဲ့အခါမှာ အစိုးရကျောင်းတွေတင် မဟုတ်ဘဲနဲ့ ကျန်တဲ့ဘုန်းတော်ကြီးကျောင်းက ကလေးတွေ၊ ကိုယ်ပိုင်ကျောင်းက ကလေးတွေ အားလုံး အကျုံးဝင်နိုင်ရေးအတွက်လည်း မြို့နယ် တွေကို စာရင်းပြုစုခိုင်းထားပါတယ်။ နောက်တစ်ခုက မိဘတွေရဲ့ခွင့်ပြုချက် ပါရမယ်ဆိုတဲ့အတွက် ဒီကလေးတွေကို သက်ဆိုင်ရာ ပညာရေးမှူးတွေနဲ့ သက်ဆိုင်ရာ အခြေစိုက်ကျောင်းက ဆရာ ဆရာမ ကြီးတွေ၊ ကျောင်းအုပ်ကြီးတွေ အားလုံးကို ကျောင်းသားမိဘတွေကို အသိပေးဆောင်ရွက်ဖို့ ၊ ခွင့်ပြုချက်ယူထားဖို့၊ နောက်တစ်ခါ ဒီကာကွယ် ဆေးထိုးလုပ်ငန်းတွေကိုလည်း မိဘတွေအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် စီမံဆောင်ရွက်ထား ပါတယ်။ နောက်တစ်ခုက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပညာရေးမှူးတွေနဲ့ ညှိပြီးတော့ သွားရေး လာရေးအဆင်ပြေရမယ်။ လုံခြုံရေးအခြေအနေအရ လည်းကောင်းရမယ်။ ဒီလိုနေရာလေးတွေကို စုပြီးတော့ ဆေးထိုးစုရပ်လေးလုပ်ဖို့လည်း စီစဉ် ဆောင်ရွက်ထားရှိပါတယ်။ ဒီကာကွယ်ဆေးထိုးမယ့် အစီအစဉ်တွေမှာလည်း ကျောင်းအုပ်ကြီးတွေ၊ ဆရာ ဆရာမတွေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လမ်းညွှန် ထားပါတယ်။ ကျန်းမာရေးဌာနရဲ့လမ်းညွှန်ချက်အရ ပထမတစ်ကြိမ် ဆေးထိုးမယ့်ရက်ကတော့ အောက်တိုဘာ ၁၀ ရက်လောက်ကို ခန့်မှန်းထား ပါတယ်။

**မေး ။ ။ ခန္တီးခရိုင်အတွင်းမှာရှိတဲ့ ကျောင်းအရေ အတွက်နဲ့ ၁၂နှစ်နဲ့ အထက်ကျောင်းသား ဦးရေ ဘယ်လောက်ရှိလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ကျောင်းက ပြီးခဲ့တဲ့ဒွန်လ မှာ ကျောင်းဖွင့်ထားတော့ အဲဒီတုန်းက ကျောင်းဖွင့်တဲ့စာရင်းအရ ခန္တီးခရိုင်က ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီး၊ လဟယ်၊ နန်းယွန်းတို့က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုလုံးပေါင်းပြီး ဆောင်ရွက်ရတာဖြစ်တယ်။ ကျွန်တော်တို့ ခန္တီးခရိုင် အနေနဲ့ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ ဇွန်လမှာ ကျောင်း ပေါင်း ၂၄၃ ကျောင်း ဖွင့်ထားပါတယ်။ နာဂဒေသမှာ လေရှီး၊ လဟယ်၊ နန်းယွန်း ၂၆၄ ကျောင်း ဖွင့်ထား ပါတယ်။ ဇွန်လမှာ ကျောင်းအပ်ထားတဲ့ ကျောင်းသား စာရင်းအရ ခန္တီးနဲ့ ဟုမ္မလင်း နှစ်မြို့နယ်ကတော့ ကျောင်းသားပေါင်း ၁၄၃၁ ဦး၊ နာဂဒေသ သုံးမြို့နယ် ကတော့ ၃၈၂ ဦးတို့ဖြစ်ပါတယ်။ သို့သော် ဒါကတော့ နောက်ဆက်တွဲလည်း တိုးရင်တိုးလာနိုင်သေး တယ်ပေါ့။ ဒါကတော့ အကြမ်းဖျင်း ကျောင်းသား စာရင်း ဖြစ်ပါတယ်။

**မေး ။ ။ ခန္တီးခရိုင်အတွင်းမှာ ၁၂ နှစ်အထက် ကျောင်းသားအရေအတွက်က ဆရာကြီး ပြောခဲ့သလို စာရင်းအတိုင်းပဲလားခင်ဗျာ။**

ဖြေ ။ ။ ဟုတ်ကဲ့။ ၁၂ နှစ်အထက်ကတော့ ကျွန်တော်တို့က ၁၂ နှစ်အထက်ကို ဘာကိုအခြေခံကောက်လည်းဆိုတော့ အလယ် တန်းနဲ့ အထက်တန်းကို အခြေခံပြီးတော့ ကောက် တယ်။ ကျွန်တော်တို့ဒေသက ဝေးလံဒေသဖြစ်တဲ့ အတွက် တစ်ခါတလေ မူလတန်းကလေးတွေ ကလည်း ဥပမာ ၁၂ နှစ်ကျော်သွားတာဖြစ်နိုင်တယ်။ ဒါကြောင့် မွေးသက္ကရာဇ်တွေနဲ့ စာရင်းတောင်းထား တယ်။ မွေးသက္ကရာဇ်ကြည့်ပြီး ၁၂ နှစ်ကျော်ရင်တော့ သူတို့ကိုလည်း ထိုးခွင့်ရဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဆရာကြီးအနေနဲ့ ဖြည့်စွက် ပြောကြား ချင်တာရှိရင် ပြောကြားပေးပါခင်ဗျာ။**

ဖြေ ။ ။ ဒီဆေးထိုးခြင်းလုပ်ငန်းကို နိုင်ငံ အနှံ့အပြားမှာလည်း ထိုးနေပါပြီ။ အထူးသဖြင့် ကျွန်တော်တို့ ကျောင်းသားတွေက ပိုထိုးသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်း ဖွင့်မယ်ဆိုရင် ကျောင်းက ကိုဗစ်စည်းမျဉ်းအရ ခြောက်ပေခြားဆိုသော်လည်း ကလေးတွေက ဒီကျောင်းမှာ တစ်နေရာတည်းမှာ စုရပ်လိုဖြစ်နေ တယ်။ ကျောင်းဖွင့်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ က တစ်ပတ်ကို ငါးရက် ပုံမှန်တက်ရမယ်။ ကိုဗစ်နဲ့ ပတ်သက်ပြီးတော့ ပညာရေးမှာ ကျောင်းတွေစဖွင့် ကတည်းက နှာခေါင်းစည်း၊ မျက်နှာအကာ အကုန် လုံး ကျောင်းတွေအရောက် အပြည့်အစုံဖြန့်ထားတာ ရှိပါတယ်။ ကျွန်တော်တို့ခရိုင်မှာလည်း အရန်သင့်ရှိပါ တယ်။ သို့သော် လူအများစုနဲ့ နေ့စဉ်တက်ရမှာ ဖြစ်တဲ့အတွက် ဒီကလေးတွေအနေနဲ့လည်း ဒီဆေး ကို ထိုးသင့်တယ်လို့ ကျွန်တော်က ယူဆပါတယ်။ မိဘတွေအနေနဲ့လည်း ကျွန်တော်က မေတ္တာရပ်ခံချင် တာကတော့ သူတို့ရဲ့ ခွင့်ပြုချက်လိုနေတယ်။ ကိုယ့်သားသမီး ရောဂါမကူးစက်ရေး ကိုယ့်အသိ တရားလေးနဲ့ ထိုးသွားမယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါ ကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ကျောင်းသား တွေရော၊ မိဘတွေပါ ကိုယ်တိုင်လည်း ထိုးကြပါ။ ကျွန်တော်တို့လုပ်မယ့် လုပ်ငန်းမှာလည်း တက်တက် ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ။

## တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန် အောက်တိုဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များအား သတ်မှတ်




အအေးလမ်းကြောင်း စံချိန်စံညွှန်း များအတိုင်း တပ်မတော် လေယာဉ်များ၊ မော်တော်ယာဉ် များဖြင့် ပို့ဆောင်ပေးလျက် ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း မှ ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနိုင်သော Sinopharm ဆေး များကို မန္တလေးမြို့သို့ ကာကွယ် ဆေးအလုံးပေါင်း ၁၂၀၀၀၀ ၊ နေပြည်တော်ကောင်စီနယ်မြေ သို့ ကာကွယ်ဆေးအလုံးပေါင်း ၂၈၅၇၂ လုံး၊ မုံရွာမြို့သို့ ကာကွယ် ဆေးအလုံးပေါင်း ၃၀၂၀၀ နှင့် တောင်ကြီးမြို့သို့ ကာကွယ်ဆေး အလုံးပေါင်း ၃၈၀၄၅ လုံးတို့ကို အအေးခန်းစနစ်ပါ သယ်ယူ ပို့ဆောင်ရေး မော်တော်ယာဉ်ကြီး များဖြင့် ဆက်လက်ဖြန့်ဖြူး ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ ဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူ များသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ် သည်။ ယင်းအတွက် သတ်မှတ် အအေးလမ်းကြောင်း စံချိန်စံညွှန်း များအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးခြင်း ဖြစ်သည်။ အလားတူ ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေး လေယာဉ်များဖြင့် မြန်မာ့လေကြောင်းတို့၏ အကူ အညီများရယူကာ လေကြောင်း ခရီးများဖြင့် ဆက်လက်ဖြန့်ဖြူး ပေးမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## သထုံမြို့နယ်ရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**သထုံ အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာငါးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် သထုံမြို့နယ်ရှိ တောင်စွန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ဝမ်းဘဲအင်းကျေးရွာတွင် ကျေးရွာတွင်း မြေသားလမ်းအသစ်ခင်းခြင်းလုပ်ငန်း၊ ခင်ဘိုကွင်းစပ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အောင်းစိုင် (တောင်)ကျေးရွာတွင် လယ်ကွက်များအတွင်း ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ မြတ်စံကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သထုံမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စုစုပေါင်း ကျေးရွာ ၃၉ ရွာအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

❒ *ကျောဖုံးမှ*

- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၈–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၆၃၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၄၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၄၈၈,၈၂၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၇,၃၃၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၉၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၀,၁၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၀၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၉–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၂၈)ခု | (၃၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁၃)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၆)ခု | (၄)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၇)ခု | (၂၃)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၇)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၆)ခု | (၈၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၂၄)ခု | (၁,၂၈၆)ဦး |
| **စုစုပေါင်း** | (၁၉,၆၃၁)ခု | (၁,၄၄၈)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၉**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စုသတ်မှတ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၊ သီပေါမြို့နှင့် နောင်ချိုမြို့တို့၌ ၁၅၁၆ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ၇၈၆၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ၂၃၆၄၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ခုနစ်မြို့နယ်တို့၌ ၉၃၉၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့၌ ၂၀၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၁၄၉၀၃ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၂၃၈ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၁၁၁၃၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်အတွင်း၌ ၅၇၃၄၂ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၂၂၇၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**၉- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၁၃၅၆၂၀ | ၃၄၅၇၇၅၁၆ | ၇၃၂၄၇၇ |
| ၂။ | အိန္ဒိယ | ၃၃၉၃၅၃၀၉ | ၃၃၂၄၈၂၉၁ | ၄၅၀၄၀၈ |
| ၃။ | ဘရာဇီး | ၂၁၅၅၀၇၃၀ | ၂၀၆၆၅၂၇၃ | ၆၀၀၄၉၃ |
| ၄။ | ဗြိတိန် | ၈၀၈၁၃၀၀ | ၆၅၉၃၅၂၅ | ၁၃၇၅၄၁ |
| ၅။ | ရုရှား | ၇၇၄၆၇၁၈ | ၆၈၄၀၈၄၅ | ၂၁၅၄၅၃ |
| ၆။ | တူရကီ | ၇၃၈၇၅၃၇ | ၆၈၄၃၄၈၇ | ၆၅၇၇၈ |
| ၇။ | ပြင်သစ် | ၇၀၄၇၇၈၆ | ၆၈၃၂၄၉၀ | ၁၁၇၀၂၉ |
| ၈။ | အီရန် | ၅၆၉၁၆၃၄ | ၅၂၀၁၅၁၅ | ၁၂၂၃၇၀ |
| ၉။ | အာဂျင်တီးနား | ၅၂၆၅၀၅၈ | ၅၁၃၀၀၈၄ | ၁၁၅၄၄၄ |
| ၁၀။ | စပိန် | ၄၉၇၃၆၁၉ | ၄၈၀၀၆၉၃ | ၈၆၇၇၈ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**
**၉– ၁၀ – ၂၀၂၁**

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၇၀၃၈ | ၄၀၅၉၂၆၇ | ၁၄၂၆၁၂ |
| ဖိလစ်ပိုင် | ၂၆၅၄၄၅၀ | ၂၅၀၈၃၈၇ | ၃၉၅၀၅ |
| မလေးရှား | ၂၃၂၃၄၇၈ | ၂၁၇၀၂၈၉ | ၂၇၁၉၁ |
| ထိုင်း | ၁၇၀၀၀၆၇ | ၁၅၇၂၃၃၂ | ၁၇၆၀၇ |
| ဗီယက်နမ် | ၈၃၆၁၃၄ | ၇၆၀၈၀၁ | ၂၀၄၄၂ |
| မြန်မာ | ၄၇၇၃၃၃ | ၄၃၀၁၇၂ | ၁၈၁၀၄ |
| စင်ကာပူ | ၁၂၀၄၅၄ | ၉၅၀၀၉ | ၁၄၂ |
| ကမ္ဘောဒီးယား | ၁၁၄၅၇၁ | ၁၀၇၃၇၆ | ၂၄၈၂ |
| လာအို | ၂၈၀၃၂ | ၂၁၉၇၉ | ၂၆ |
| ဘရူနိုင်း | ၈၅၉၉ | ၆၃၆၈ | ၆၃ |

# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(ဃ) မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ သို့ရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော အခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

( င ) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ပုဒ်မခွဲ (ဂ) ဇယားပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

( စ ) ဤပုဒ်မပါ အခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားအခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ သက်သာခွင့် ခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊
( ခ ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊
( ဂ ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ Coronavirus Disease 2019 (COVID-19) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ -

(က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊
(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊
(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊
(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

( ခ ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင် အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ၂၂ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် Coronavirus Disease 2019 (COVID-19) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၁၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၁၀၀,၀၀၀,၀၀၁ | ၃၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၃၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၀ ရာခိုင်နှုန်း |

( ခ ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေကိုဆိုသည်။

( ဂ ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိသာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကိုသုံးသပ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

( ခ ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ် ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ်စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊
(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊
(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊
(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊
(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

( ခ ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်–

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)
## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ဇယားပါ ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ရတနာခွန်ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် –

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းများ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းများ။ | ၉ ရာခိုင်နှုန်း |
| ၃ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့် မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)
## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် –

(က) ယစ်မျိုးခွန်၊

( ခ ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

( ဂ ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

( င ) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

( စ ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

( ဇ ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

( ဈ ) ရေခွန်၊

(ည) တာတမံခွန်၊

( ဋ ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

( ဌ ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

( ဍ ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

( ဎ ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

( ဒ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့် အခွန်။

## အခန်း (၁၀)
## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင် ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်–

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

( ခ ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။(က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သောအခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

( ခ ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

( ဂ ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ–

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

( ခ ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအားထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်–

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၂၀ ။

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူ ထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၁။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည် -

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*(နောက်ဆက်တွဲဇယား)*

**ဇယား(၁)**

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန်မူလလျာထားချက်**

**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၁ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၁,၆၁၇,၁၇၃.၉၄၁ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၆၈၅.၅၃၇ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၆၈၅,၈၃၁.၅၈၇ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၁,၁၁၃.၃၆၅ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၆၃,၀၀၇.၉၁၉ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၈၅,၉၇၀.၈၄၅ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရှုံးခွန်နှင့် ဟာ်ဆိပ်မခါင်းခွန်၊ | ၂၈,၅၄၄.၂၆၃ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၇၈.၅၇၉ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၇၄၇,၂၅၁.၆၈၆ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၄,၂၉၁.၁၆၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၉၇၁,၀၇၄.၃၈၅ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၉၇၁,၀၇၄.၃၈၅ |
| ၃ | | | **အကောက်ခွန်** | ၂၀၀,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၂၀၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၂၈၆,၆၇၇.၀၁၁ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၀.၄၁၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၄၂.၂၅၁ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | - |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၁၀၉.၈၇၈ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၃၃.၈၇၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၂,၆၀၀.၀၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၈၁,၄၇၁.၃၀၄ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၀,၀၀၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၆၂,၆၆၇.၀၁၂ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၆,၁၀၂.၆၈၄ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့်အခွန်။ | ၆၄၉.၅၉၇ |
| | | | **စုစုပေါင်း** | ၃,၀၇၄,၉၂၅.၃၃၇ |

# မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာကို ၂၄ နာရီ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်

**မော်လိုက် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်ရှိ မိချောင်းတွင်း၊ ယောစု၊ တပ်ကုန်းနှင့် မိုးကောင်း စသည့်ကျေးရွာများအတွက် ၂၄ နာရီ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ထရန်စဖော်မာ တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစတင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယခုလမှစတင်ကာ လျှပ်စစ်မီးများ ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာလေးရွာအတွက် ၂၄ နာရီလျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၇၇ ဒသမ ၈၀၀ ဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူကာ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ၉ ဒသမ ၄ မိုင်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ၂ ဒသမ ၁၃၉ မိုင်ရှိ ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခြင်းများကို ဆောင်ရွက်ရာ စက်တင်ဘာလကုန်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးကြောင်း၊ ယခု ဖြန့်ဖြူးပေးမည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မော်လိုက် မြို့ရှိ ၆၆/၁၁ ကေဗွီ (၁၀ ကေဗွီအေ) ဓာတ်အားခွဲရုံမှ ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး ယခုလမှစတင်၍ကျေးရွာတွင်း လမ်းမီးများ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကာ ကျေးရွာလေးရွာမှ အိမ်ခြေစုစုပေါင်း ၅၃၁ စုအတွက် လျှပ်စစ်မီးအမြန်ဆုံးအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ကျေးရွာတွေမှာက လျှပ်စစ်မီးလင်းရေးအတွက်ကတော့ ဆိုလာကိုပဲ အများဆုံး ဝယ်သုံးကြရပါတယ်၊ အခု ၂၄ နာရီလျှပ်စစ်မီးရလာပြီဆိုရင်တော့ အစစအရာရာ အဆင်ပြေသွားပြီပေါ့၊ အရင်တုန်းကတော့ အခုလို ကိုယ့်ကျေးရွာမှာ ၂၄ နာရီ လျှပ်စစ်မီးရလိမ့်မယ်လို မမျှော်လင့်ခဲ့ဘူး၊ အခုတော့ ကိုယ့်ကျေးရွာမှာ ၂၄ နာရီလျှပ်စစ်မီး ရရှိတော့မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်" ဟု မိုးကောင်းကျေးရွာနေ ဦးခင်မောင်ဦးက ပြောသည်။



မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာတွင် ၂၄ နာရီလျှပ်စစ်မီးများရရှိခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် များစွာ အထောက်အကူပြုနိုင်တော့မည်ဖြစ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

*စာမျက်နှာ ၁၉ မှ*

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၂၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၆,၅၂၄.၆၉၅ | | | ၂.၂၅၄ | ၃.၀၀၀ | ၂,၉၈၈.၀၄၁ | | | ၅၁.၀၀၀ | | ၉,၅၆၈.၉၉၀ |
| ၂၂ | ပညာရေး | ၎င်း | ၈၉၀,၀၈၅.၀၃၅ | | | ၄၅၆.၀၈၁ | ၄၂၆.၂၆၈ | ၂၇၅,၂၉၄.၄၆၅ | | | | | ၁,၁၆၆,၂၆၁.၈၄၉ |
| ၂၃ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၄၅,၂၄၁.၇၀၇ | | | | ၁၇၁.၃၆၁ | ၈၄,၉၅၈.၆၆၆ | | | | | ၁၃၀,၃၇၁.၇၃၄ |
| ၂၄ | ကျန်းမာရေး | ၎င်း | ၃၇၄,၁၇၆.၇၄၈ | | | ၁,၂၉၉.၈၇၆ | ၁.၇၃၆ | ၁၂၂,၀၀၁.၀၁၈ | | ၂,၂၅၂.၂၃၃ | | | ၄၉၉,၇၃၁.၅၆၁ |
| ၂၅ | အားကစားနှင့်လူငယ်ရေးရာ | ၎င်း | ၉,၄၁၁.၁၀၉ | | | | ၄၅၅.၁၀၀ | ၂၇,၉၅၉.၀၃၀ | | | | | ၃၇,၈၂၅.၂၃၉ |
| ၂၆ | ဆောက်လုပ်ရေး | ၎င်း | ၄၀,၈၇၅.၃၀၈ | | | ၃၀၇.၅၁၃ | ၇,၅၂၀.၇၄၄ | ၃၈၉,၁၇၂.၆၃၇ | | ၄၅၆.၂၉၃ | | | ၄၃၈,၃၃၂.၄၆၅ |
| ၂၇ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၄၆,၁၄၃.၈၆၂ | | | ၁၄၄.၄၀၀ | ၃,၃၈၃.၀၈၈ | ၃,၆၀၅.၉၈၅ | | | | | ၅၃,၂၇၇.၃၃၅ |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၁,၈၉၄.၂၄၁ | | | | ၁၀၆.၄၀၀ | ၅၇.၇၁၆ | | | | | ၂,၀၅၈.၃၅၇ |
| ၂၉ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၁,၂၃၄.၆၉၆ | | | | ၇၅.၀၀၀ | ၁၉၉.၃၄၆ | | | | | ၁,၅၀၉.၀၄၂ |
| ၃၀ | ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ | ၎င်း | ၄၃၅,၈၇၅.၀၀၂ | | | | | | | | | | ၄၃၅,၈၇၅.၀၀၂ |
| ၃၁ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၆၄,၁၂၄.၀၀၀ | | | | | | | | | | ၆၄,၁၂၄.၀၀၀ |
| ၃၂ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | ၄၀၀.၀၀၀ | | | ၈၆,၁၆၁.၇၁၈ | | | | | | ၈၆,၅၆၁.၇၁၈ |
| ၃၃ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၄၁,၀၅၉.၇၈၂ | | | | | | ၄၁,၄၅၉.၇၈၂ |
| ၃၄ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၈,၀၁၅.၅၅၆ | | | | | | ၅၈,၄၁၅.၅၅၆ |
| ၃၅ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၇,၆၅၈.၆၆၈ | | | | | | ၇၈,၀၅၈.၆၆၈ |
| ၃၆ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၁၀၂,၁၃၀.၈၆၅ | | | | | | ၁၀၂,၅၃၀.၈၆၅ |
| ၃၇ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၁,၆၅၂.၅၁၀ | | | | | | ၇၂,၀၅၂.၅၁၀ |
| ၃၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၃,၄၆၀.၈၄၂ | | | | | | ၇၃,၈၆၀.၈၄၂ |
| ၃၉ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၈၈,၁၁၀.၉၇၂ | | | | | | ၈၈,၅၁၀.၉၇၂ |
| ၄၀ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၆၄,၈၆၅.၉၄၅ | | | | | | ၆၅,၂၆၅.၉၄၅ |
| ၄၁ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၀,၁၀၁.၄၄၄ | | | | | | ၅၀,၅၀၁.၄၄၄ |
| ၄၂ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၈၉,၉၄၈.၅၇၈ | | | | | | ၉၀,၃၄၈.၅၇၈ |
| ၄၃ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၅၈,၆၉၆.၃၄၁ | | | | | | ၅၉,၀၉၆.၃၄၁ |
| ၄၄ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၁၂၆,၄၃၄.၃၄၃ | | | | | | ၁၂၆,၈၃၄.၃၄၃ |
| ၄၅ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၄၀၀.၀၀၀ | | | ၇၄,၆၇၃.၄၈၉ | | | | | | ၇၅,၀၇၃.၄၈၉ |
| | ပေါင်း | | ၃,၄၇၉,၄၃၉.၁၇၃ | ၅၅,၆၀၀.၀၀၀ | ၁၀၀,၀၀၀.၀၀၀ | ၁,၄၈၆,၇၂၄.၁၉၁ | ၁,၃၈၅,၅၇၃.၄၇၀ | ၂,၄၈၄,၇၄၆.၂၉၃ | ၁၉၈.၀၀၀ | ၃၃၀,၃၂၈.၁၃၀ | ၂၃,၆၉၇.၃၁၁ | | ၉,၃၄၇,၃၀၆.၅၆၈ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၉.၄၂၀.၈၀၀ | | | | | | | | | ၄၉.၄၂၀.၈၀၀ |
| | ပေါင်း | | | | ၄၉.၄၂၀.၈၀၀ | | | | | | | | | ၄၉.၄၂၀.၈၀၀ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉,၉၇၀.၈၇၅ | | | ၄၇၈.၂၆၇ | | | | | ၂၀,၄၄၉.၁၄၂ |
| | ပေါင်း | | ၁၉,၉၇၀.၈၇၅ | | | ၄၇၈.၂၆၇ | | | | | ၂၀,၄၄၉.၁၄၂ |

*(ဆက်လက်ဖော်ပြပါမည်)*

ဗုဒ္ဓ အသုံးအမဖြင့် အောင်မြင်ခြင်း

# ဝိရတီပါပါ

## မကောင်းမှုမှ အထူးသဖြင့် ကိုယ်နှင့်နှုတ် နှစ်ပါးစလုံးရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်၏။

ဗုဒ္ဓဘုရားရှင်က အာရတီပါပါကို ဟောပြီးနောက် ဝိရတီပါပါကို ဟောကြားတော်မူပါသည်။ စိတ်နှင့် မကောင်းမှုကို ရှောင်ကြဉ်ရန် ဟောကြားပြီး ကိုယ်ရော နှုတ်ပါ မကောင်းမှုကို ရှောင်ကြဉ်ရန် ဆက်လက်ဟောပါသည်။ ပုထုဇဉ်လူသားများသည် စိတ်ဆိုးသည့်အခါ၊ ဒေါသဖြစ်သည့်အခါ၊ လောဘတက်လာသည့်အခါ၊ တစ်ဖက်သားကို မနာလိုဝန်တိုဖြစ်သည့် အခါ မကောင်းကြံရာမှ၊ ပြောမိ ဆိုမိ၊ တစ်ဖက်သား ပျက်စီးရာပျက်စီးကြောင်းတွေ လုပ်မိကြပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံဟု ဆိုကြသော်လည်း မနောကံနှင့် စပါသည်။ စိတ်နှင့်စ၍ မကောင်းမှုကို ကြံစည်ပါသည်။ စိတ်နှင့်ကြံစည်ပြီးမှ နှုတ်နှင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း မကောင်းမှုကို ပြုလုပ်လေ့ရှိပါသည်။

ကာတွန်းတစ်ခုတွင် ကလေးတစ်ယောက်သည် မုန့်ဖုတ်ပြီး ရောင်းနေသည့် ဆိုင်ဘေးတွင် ရပ်၍ မုန့်လုပ်သည်ကို ကြည့်နေပါသည်။ မုန့်ဖုတ်နေသူက “ဟေ့ ကလေး။ မင်းက မုန့်ဝယ်တာလည်း မဟုတ်ဘူး။ ငါ့မုန့်တွေကို ငေးကြည့်နေတာ၊ ဘာလဲ မင်းက ငါလစ်ရင် ခိုးမလို့လား” ဟု မေးပါသည်။ ကလေးက “ကျွန်တော် ခိုးချင်တဲ့စိတ်ကို မောင်းထုတ်နေပါတယ်”ဟု ပြန်ပြောပါသည်။ ကာတွန်းဖြစ်သော်လည်း အတွေးကို ရစေပါသည်။ ကလေးက “ခိုးချင်သည့်စိတ်ကို မောင်းထုတ်နေပါသည်” ဟု ဆိုခြင်းသည် မကောင်းမှုကို ဖြစ်စေသည့်စိတ်ကို မောင်းထုတ်ရန် ကြိုးစားနေခြင်းကို ပြပါသည်။ စိတ်နှင့် အရင်မကောင်းမှုကို ကြံစည်ပြီးမှ ကာယကံက လိုက်သည်ကို ထင်ရှားစေပါသည်။ စိတ်နှင့် မကောင်းမှုကို ကြံစည်မိသော်လည်း သတိနှင့် ထိန်းလိုက်နိုင်လျှင် ဝစီကံနှင့် ကာယကံကို ကျူးလွန်ခြင်းမှ ရှောင်နိုင်ပါသည်။

သတိနှင့်ထိန်းနိုင်ရန် ဟီရိဩတပ္ပ တရားနှစ်ပါးဖြစ်သည့် မကောင်းမှုလုပ်ရန် ရှက်ခြင်းနှင့် ကြောက်ခြင်းစိတ်ကို မွေးမြူရပါမည်။

### သံပတ္တဝိရတီ

မကောင်းမှုပြုလုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် စောင့်ထိန်းရသည့် ဝိရတီ သုံးမျိုးကို ကျမ်းများတွင် တွေ့ရှိရပါသည်။

နံပါတ် ၁ သည် သံပတ္တဝိရတီ ဖြစ်ပါသည်။ ဆိတ်ကွယ်ရာ ဖြစ်သော်လည်း မကောင်းမှုကိုလုပ်ရန် အခွင့်အလမ်းရသော်လည်း မကောင်းမှုကို ရှောင်ကြဉ်ခြင်းကို သံပတ္တဝိရတီဟု ဆိုပါသည်။

### သံပတ္တဝိရတီကို ထင်ရှားစေသည့် ပုံပြင်တစ်ခုမှာ–

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သီဟိုဠ်ကျွန်းနိုင်ငံ ရောမဇနပုဒ် မဟာဂမရွာကြီးတစ်ရွာတွင် **စက္ကန** အမည်ရှိ လုလင်သည် အစ်ကိုဖြစ်သူ၊ မိခင်ဖြစ်သူတို့နှင့်အတူ နေထိုင်ပါသည်။ မောင်ဝဏ္ဏာ၏ မိခင် အလွန်မကျန်းမမာဖြစ်သည့်အခါ ဆေးဆရာက ယုန်သားအစိုကို စားရမည်ဟု ဓာတ်စာပေးပါသည်။ မောင်ဝဏ္ဏာ၏ အစ်ကိုကြီးက ခိုင်း၍ မောင်ဝဏ္ဏာသည် ယုန်ထောင်ရန် တောထဲသို့ သွားပါသည်။ တောထဲ ရောက်ပြီး မကြာခင် ယုန်တွေ့၍ ယုန်နောက်သို့ လိုက်ပါသည်။ ယုန်ကလည်း ကြောက်ပြီးပြေးရင်း နွယ်မှာငြိပြီး မပြေးနိုင်၍ မောင်ဝဏ္ဏာက ဖမ်းမိပါသည်။ ယုန်သည် ကြောက်လွန်း၍ မောင်ဝဏ္ဏာ လက်ထဲတွင် တဆတ်ဆတ် တုန်နေပါသည်။ မောင်ဝဏ္ဏာလည်း ယုန်ကို ကြည့်ပြီး “ယုန်လေးက သေမှာ ကြောက်လို့ တဆတ်ဆတ်တုန်နေတယ်။ ငါ့မိခင် ရောဂါသက်သာ အသက်ချမ်းသာရာရဖို့ ဒီယုန်က အသက်ပေးရတယ်ဆိုတာ မဖြစ်သင့်ဘူး။ သတ္တဝါတိုင်း သေရမှာ ကြောက်ကြတာပဲ” ဆိုသည့် ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်လာပြီး ယုန်ကို လွှတ်ပေးလိုက်ပါသည်။ အိမ်ပြန်လာသည့်အခါ ယုန်ပါမလာ၍ အစ်ကိုကြီးက ဆူပူကြိမ်းမောင်းသည့်အခါ မောင်ဝဏ္ဏာက အဖြစ်အပျက်ကို ပြောပြပါသည်။ သည်အဖြစ်ကိုကြားသည့် မိခင်ကြီးက မောင်ဝဏ္ဏာ ပြုခဲ့သည့်ကုသိုလ်ကို အလွန်ကျေနပ်ပြီး ဝမ်းသာအားရ သာဓုခေါ်ပါသည်။ ကိုယ်ချင်းစာတတ်သည့်သား၊ မကောင်းမှုကို ရှောင်ကြဉ်သည့်သားကို ကျေနပ်ပီတိဖြစ်ရသည့်စိတ်ကြောင့် မိခင်ကြီးလည်း တဖြည်းဖြည်း ကျန်းမာလာပါသည်။ **မကောင်းမှုကို လုပ်ခွင့်ရသော်လည်း ရှောင်ကြဉ်ခဲ့သည့် မောင်ဝဏ္ဏာ၏ ရှောင်ကြဉ်ခြင်းသည် သံပတ္တဝိရတီ ဖြစ်ပါသည်။**

### သမ္မာဒါနဝိရတီ

နံပါတ် ၂ က သမ္မာဒါနဝိရတီ ဖြစ်ပါသည်။ အခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မကောင်းမှုကို ရှောင်ကြဉ်ရန် သန္နိဋ္ဌာန်ချထားခြင်းကို သမ္မာဒါနဝိရတီဟု ဆိုပါသည်။ သူတော်ကောင်းများသည် သမ္မာဒါနဝိရတီကို စောင့်ထိန်းကြပါသည်။

### သမုစ္ဆေဒဝိရတီ

နံပါတ် ၃ သည် သမုစ္ဆေဒဝိရတီ ဖြစ်ပါသည်။ အရိယာ သူတော်ကောင်းများသာ စောင့်ထိန်းနိုင်ပါသည်။ အရိယာများသည် တရားနှင့်ယှဉ်ပြီး အမြဲနေထိုင်သည့်အတွက် မကောင်းမှု ပြုရန် စိတ်ထဲတွင် မဖြစ်ပါ။ မကောင်းမှုကို ပယ်နိုင်၊ ဖြတ်နိုင်သူများဖြစ်၍ မကောင်းမှုကို ရှောင်ကြဉ်စရာပင် မလိုသည့် ရှောင်ကြဉ်ခြင်းကို သမုစ္ဆေဒဝိရတီဟု ဆိုပါသည်။

ပုထုဇဉ် လူသားများအနေဖြင့် သံပတ္တဝိရတီကိုပင် စောင့်ထိန်းနိုင်ရန် ခက်ခဲနေကြပါသည်။ ရာထူးအာဏာ မရစဉ်က ကိုယ်ကျင့်တရားကောင်းသော်လည်း ရာထူးအာဏာရပြီး အခွင့်အရေးရလာသည့်အခါ ကိုယ်ကျင့်တရားဖောက်ဖျက်သူများကို တွေ့နေရပါသည်။ တချို့လည်း အဆင်ပြေနေသည့်အချိန် မကောင်းမှုကို ရှောင်နိုင်သော်လည်း ကျဉ်းထဲကျပ်ထဲ အခက်နှင့် ရင်ဆိုင်ရသည့်အခါ လိမ်ညာခြင်း၊ ကောက်ကျစ်ခြင်း၊ အဂတိတရားလိုက်စားခြင်း၊ ကတိမတည်ခြင်း၊ ကျေးဇူးတရားကို ချိုးဖောက်ခြင်း ... စသည့် မကောင်းမှုများကို ကျူးလွန်သည်ကို တွေ့နေရပါသည်။ မကောင်းမှုကို ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးဖြင့် ရှောင်နိုင်မှ မင်္ဂလာတရားတော်နှင့် ညီပါမည်။

အာရတီပါပါနှင့် ဝိရတီပါပါ နှစ်ပါးကို စောင့်ထိန်းရန် မကောင်းမှုကို ရှောင်ကြဉ်မည်ဆိုသည့်စိတ်သည် ကိုယ်ခံဓာတ်အဖြစ် ရှိနေရပါမည်။ မကောင်းမှုကို ကျူးလွန်သည့်အခါ ရရှိမည့် အကျိုးဆက်ကို သိသည့် အသိဉာဏ်ရှိရန် လိုပါသည်။ အသိဉာဏ်ရရန် စာများများဖတ်ရပါမည်။ ဟောပြောပွဲများ နားထောင်ရပါမည်။ တရားနာရပါမည်။ ပညာရှိများ၏ ဆိုဆုံးမမှုကို နာခံရပါမည်။ အသိဉာဏ်ရရှိပြီးလျှင် တွေးရပါမည်၊ စဉ်းစားရပါမည်၊ ဆင်ခြင်ရပါမည်။ တွေးတော၊ ဆင်ခြင်သည့်အခါ အမှားအမှန်ကို ခွဲခြားသိနိုင်ပြီး မကောင်းမှုများကို ရှောင်ကြဉ်နိုင်ပါမည်။ မကောင်းမှုလုပ်ရန်ကို အားပေးသည့် ပတ်ဝန်းကျင်တွင်လည်း မနေရန် အရေးကြီးပါသည်။ မိမိအလုပ်လုပ်နေသည့် ကုမ္ပဏီသည် ဥပဒေကို ချိုးဖောက်ခြင်း၊ အများကို ထိခိုက်စေမည့် အလုပ်များကို လုပ်ခြင်းတို့လုပ်နေလျှင် မည်မျှပင် လခကောင်းစေမူ မလုပ်သင့်ပါ။ ဤကဲ့သို့ ကုမ္ပဏီများတွင် အလုပ်လုပ်ခဲ့လျှင် တစ်နည်းမဟုတ်တစ်နည်း မကောင်းမှုကို လုပ်ခြင်းဖြစ်မည်ကို သတိပြုသင့်ပါသည်။

### ဘုရားရှင်၏ သည်းခံခြင်း

“စိတ်သာရှင်စေ ဘုရားဟော” ဆိုသည့်စကားသည် အလွန်မှန်ပါသည်။ မိမိအကြောင်း မကောင်းပြောသည်ကို ကြားရခြင်း၊ မိမိအကျိုးစီးပွားပျက်စီးအောင်ကြံသည်၊ အားထုတ်သည်ကို ကြားရခြင်း၊ မိမိ၏ အရှက်ဂုဏ်သိက္ခာ ထိခိုက်အောင် ပြောဆိုသည်ကို ကြားရခြင်း၊ မိမိအား လေသံမာမာဖြင့် ပြောသည်ကို ကြားရခြင်း ... စသည်တို့ ကြုံရတိုင်း ပြန်လည်တုံ့ပြန်ရန် စိတ်ဖြင့် ဦးစွာမကောင်းမှုပြုရန် ကြံစည်ပါသည်။ စိတ်နောက်သို့ နှုတ်နှင့်ကိုယ်က လိုက်ပါသည်။ စိတ်ဖြင့် မကောင်းမှုကို မကြံမိစေရန် သည်းခံခြင်းတရားကို မွေးမြူရမည်ဟု ဗုဒ္ဓဘုရားရှင်က ရှင်အာနန္ဒာကို

**✻ မိမိအကြောင်း မကောင်းပြောသည်ကို ကြားရခြင်း၊ မိမိအကျိုးစီးပွားပျက်စီးအောင် ကြံသည်၊ အားထုတ်သည်ကို ကြားရခြင်း၊ မိမိ၏ အရှက်ဂုဏ်သိက္ခာ ထိခိုက်အောင် ပြောဆိုသည်ကို ကြားရခြင်း၊ မိမိအား လေသံမာမာဖြင့် ပြောသည်ကို ကြားရခြင်း... စသည်တို့ ကြုံရတိုင်း ပြန်လည်တုံ့ပြန်ရန် စိတ်ဖြင့် ဦးစွာမကောင်းမှုပြုရန် ကြံစည်ပါသည်။ စိတ် နောက်သို့ နှုတ်နှင့်ကိုယ်က လိုက်ပါသည်။ စိတ်ဖြင့် မကောင်းမှုကို မကြံမိစေရန် သည်းခံခြင်းတရားကို မွေးမြူရမည်**

## ကျော်ကျော်လှိုင်

မာဂဏ္ဍီမိဖုရား ရန်ငြိုးဖွဲ့သည်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ဆိုဆုံးမခဲ့ပါသည်။

မာဂဏ္ဍီမိဖုရားသည် သာမာဝတီ အမှုးရှိကုန်သော နန်းတွင်းသူ ၅၀၀ တို့အား တစ်စုံတစ်ရာကိုပြုခြင်းငှာ မစွမ်းနိုင်ရကား “ရဟန်းဂေါတမအားသာလျှင် ပြုသင့်ပြုထိုက်သော အမှုကို ပြုလုပ်ရပေတော့အံ့” ဟု မြို့သူမြို့သားတို့အား တံစိုးလက်ဆောင်ထိုးပြီးလျှင် “မြို့တွင်းသို့ ကြွဝင်လှည့်လည်သော ရဟန်းဂေါတမကို ကျွန်အလုပ်သမား ယောကျ်ားတို့နှင့် တကွ ဆဲရေးရေရွတ် ကြိမ်းမောင်းစေ၍ ထွက်ပြေးစေကြကုန်လော့” ဟု စေခိုင်းလေ၏။ ရတနာသုံးပါးတို့၌ မကြည်ညိုကြကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ ကြွဝင်တော်မူလာသော ဘုရားရှင်ကို နောက်မှ အစဉ်တစိုက်လိုက်၍ “သင်သည် ခိုးသူတည်း၊ လူမိုက်တည်း၊ တွေဝေသော သူတည်း၊ ကုလားအုတ်တည်း၊ နွားတည်း၊ မြင်းတည်း၊ ငရဲသားတည်း၊ တိရစ္ဆာန်တည်း။ အသင့်အား ကောင်းသော လားရာသုဂတိမရှိ၊ သင်၏ အလို့ငှာ မကောင်းသော လားရာ ဒုဂ္ဂတိဘဝကိုသာ အလိုရှိအပ်၏” ဟူ၍ ဤသို့ ဆဲရေးကြောင်း စကား ၁၀ ပါးတို့ဖြင့် ဆဲရေးရေရွတ် ကြိမ်းမောင်းကြကုန်၏။

ထိုသို့ ဆဲရေးရေရွတ်သည်ကို ကြား၍ အရှင်အာနန္ဒာသည် ဗုဒ္ဓဘုရားရှင်ကို “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤကောသမ္ဗီပြည်သူပြည်သားတို့သည် တပည့်တော်တို့ကို ဆဲရေးရေရွတ် ကြိမ်းမောင်းကြပါကုန်၏။ ဤမြို့မှ တစ်ပါး အခြားမြို့သို့ ဖယ်သွားကြပါကုန်စို့ ဘုရား” ဟု လျှောက်ကြားလေ၏။

ထိုအခါ ဘုရားရှင်က “ချစ်သား အာနန္ဒာ၊ အဘယ်အရပ်သို့ သွားလိုသနည်း” ဟု မိန့်တော်မူသည်ရှိသော် “မြတ်စွာဘုရား၊ အခြား တစ်ပါးသောမြို့သို့ သွားလိုပါ၏ဘုရား” ဟု လျှောက်ကြားလေ၏။ “ချစ်သားအာနန္ဒာ၊ ရွှေ့ပြောင်းသွားရောက်ရာဖြစ်သည့် ထိုအခြားတစ်ပါးသောမြို့၌ လူတို့သည် ဆဲရေးပြန်သည်ရှိသော် တစ်ဖန်ဘယ်မြို့ ဘယ်အရပ်သို့ ငါတို့သွားကြကုန်ဦးအံ့နည်း” ဟု မေးတော်မူပြန်သောအခါ “မြတ်စွာဘုရား၊ ထိုအရပ်မှလည်း အခြားတစ်ပါးသော မြို့သို့ ပြောင်းရွှေ့သွားကြပါမည်ဘုရား” ဟု လျှောက်ကြားလေ၏။ “ချစ်သား အာနန္ဒာ၊ ထိုအရပ်၌လည်း လူတို့ ဆဲရေးပြန်ကုန်သည်ရှိသော် ဘယ်အရပ်သို့ ငါတို့ သွားကြရကုန်ဦးအံ့နည်း” ဟု မေးတော်မူပြန်သောအခါ “မြတ်စွာဘုရား၊

*စာမျက်နှာ ၂၂ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**




# မြိတ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့၏ ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးများပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့၏ ၂၀၂၀-၂၀၂၁ ခုနှစ်၊ နှစ်ပတ်လည် အစည်းအဝေးများကို ယနေ့တွင် မြိတ်မြို့ရှိ မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမနှင့် တောင်ငူမြို့ရှိ နယ်မြေခံ တပ်ရင်းခန်းမတို့၌ အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ၂၀၂၀-၂၀၂၁ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၃ ဦးနှင့် အမျိုးသမီး ၄၅ ဦး စုစုပေါင်း ၉၈ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား၄၅ ဦးနှင့် အမျိုးသမီးလေး ဦး စုစုပေါင်း ၄၉ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

ပညာ

## ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပစေရန် ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်များ ခိုင်ခံ့ရန်ပြုပြင်ခြင်း၊ ခုံစည်းရိုးများပြုပြင်ခြင်း၊ စာသင်ခုံနှင့်ပရိဘောဂများ ပြင်ဆင်/ ဖြည့်ဆည်းခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

၃။ ပိုးသတ်ဆေးဖြန်းခြင်း၊ ခြင်ဆေးဖြန်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ရေတွင်း/ရေလှောင်ကန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခန်းများအတွင်း လျှပ်စစ်မီးပြည့်စုံရန် ဆောင်ရွက်ခြင်း၊ လျှပ်စစ်/မီးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ရန်၊

၄။ ကျောင်းဖွင့်ကာလ၌ ကျောင်းပျက်ကွက်သော ကျောင်းသား/သူများရှိပါက စိစစ်၍ သင်ကြား၊ သင်ယူမှုနောက်ကျခြင်းမရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

၅။ ကျောင်းသားများ ကျောင်းနေပျော်၍ ကျောင်းတက်မှန်ကန်စေရေး စီမံဆောင်ရွက်ရန်၊

၆။ "စဉ်ဆက်မပြတ်ဆရာ့အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး" လက်စွဲနှင့်မော်ဂျူးများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုဆိုင်ရာ စာအုပ်၊စာပေများကို ဆရာများဖတ်ရှုလေ့လာရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို လေ့လာနိုင်ရေးနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ တီထွင်ဖန်တီးအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၈။ ပညာသင်ယူရေး၊ ကျန်းမာရေးနှင့် စာရိတ္တကောင်းမွန်ရေးဆိုင်ရာ ပညာပေးဆောင်ပုဒ်များ ချိတ်ဆွဲနိုင်ရေး စီမံဆောင်ရွက်ရန်

၉။ လိုအပ်ချက်များရှိပါက အထက် အဆင့်ဆင့်သို့ တင်ပြရန်၊




*စာမျက်နှာ ၂၁ မှ*

ထိုအရပ်မှလည်း အခြားတစ်ပါးဖြစ်သော မြို့သို့ ပြောင်းရွှေ့သွားကြရပါကုန်အံ့ ဘုရား"ဟု လျှောက်ကြားလေ၏။

"ချစ်သား အာနန္ဒာ၊ ဤသို့ပြုခြင်းငှာ မသင့်လျော် မလျောက်ပတ်ချေ။ အကြင်အရပ်၌ ငြင်းခုံခိုက်ရန်ဖြစ်ခြင်းဖြစ်၏။ ထိုအရပ်၌ပင်လျှင် ထိုငြင်းခုံခိုက်ရန်ဖြစ်ခြင်းကို ငြိမ်းအေးစေပြီးမှ တခြားတစ်ပါးသောအရပ်သို့ သွားခြင်းငှာ သင့်လျော်လျောက်ပတ်ပေ၏။ ချစ်သား အာနန္ဒာ၊ ဆဲရေးသောသူတို့သည်ကား အဘယ်သူတို့ဖြစ်ကုန်သနည်း" ဟု မေးတော်မူပြန်သောအခါ "မြတ်စွာဘုရား၊ ကျွန်အလုပ်သမားတို့ကို အစထား၍ ခပ်သိမ်းကုန်သော သူတို့သည် ဆဲရေးကြပါသည်ဘုရား" ဟု လျှောက်ကြားလေ၏။

"ချစ်သား အာနန္ဒာ၊ ငါဘုရားသည်ကား စစ်မြေပြင်သို့ သက်ဝင်သော ဆင်ပြောင်ကြီးနှင့် တူပေ၏။ မှန်၏။ စစ်မြေပြင်သို့ သက်ဝင်သော ဆင်ပြောင်ကြီးအား အရပ်လေးမျက်နှာတို့မှ ပစ်လွှတ်အပ်သည်ဖြစ်၍ လာကုန်သောမြားတို့ကို သည်းခံခြင်းငှာ တာဝန်ဖြစ်ဘိသကဲ့သို့ ထို့အတူသာလျှင် များစွာသော ဒုဿီလပုဂ္ဂိုလ်တို့ ပြောဆိုအပ်သောစကားကို သည်းခံခြင်းမည်သည် ငါဘုရား၏ တာဝန်ပေတည်း" ဟု မိန့်တော်မူ၏။

နိဂုံးချုပ်အနေဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း လိုလို သည်းခံနိုင်သည့် စိတ်စွမ်းအားကို မြင့်သထက် မြင့်လာအောင် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ရပါမည်။ စိတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ မကောင်းမှုပြုလုပ်ခြင်းမှ ရှောင်ကြဉ်မှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင် မြင်နိုင်ပါမည်။

### "မှတ်သားစရာ"

**စိတ်ဖြင့် ဦးစွာ မကောင်းမှုပြုရန် ကြံစည်ပါသည်။ စိတ်နောက်သို့ နှုတ်နှင့်ကိုယ်က လိုက်ပါသည်။ ထို့ကြောင့် စိတ်ဖြင့် မကောင်းမှုကို မကြံမိစေရန် သတိတရားဖြင့် ထိန်းရမည်။**

# မိုးမိတ်တွင် ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မိုးမိတ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ပန်းခင်းစီမံချက်အရ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက်က မိုးဟောက်ကျေးရွာအုပ်စု ဘော်ဒေကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ပန်းခင်းစီမံချက်အရ မိုးမိတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေအောင်၊ မြို့နယ်ဦးစီးမှူး ဦးနေလင်းအေးနှင့် တာဝန်ရှိသူများသည် မိုးဟောက်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသား အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား ၅၃ ဦး၊ အသက် ၁၈ နှစ်အထက် ၃၂ ဦး၊ လဲလှယ် ၁၄ ဦးနှင့် မိတ္တူ ရှစ်ဦး စုစုပေါင်း ၁၀၇ ဦးတို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ပိုင်ဆိုင်ရရှိစေရေးအတွက် မိုးဟောက်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးမိတ်သား**

# စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

### သူတို့လောကသူတို့ဘဝ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည်တတိယဆုရရှိသည့် စာရေးဆရာ မောင်နေခြည်(ပြည်)၏ 'သူတို့လောက သူတို့ဘဝ' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝက်ထီးကန်မြို့ရှိ ကျေးရွာတစ်ရွာမှ ကျွဲ၊ နွားဝိဇ္ဇာဆရာတစ်ဦးကို ဇာတ်ကောင်အဖြစ်ထားရှိ၍ နွားတို့၏ သဘာဝ၊ စိတ်နေစိတ်ထား၊ အသွေးအရောင်၊ ဉာဉ်ဆိုးဉာဉ်ကောင်း စသည်တို့အပြင် မြန်မာ့ဓလေ့ထုံးစံများ အတွင်းရှိ နွားနှင့်စပ်ဆိုင်သည့် အကြောင်းရပ်များ ပါဝင်သည်။

ဘဝပေးအခြေအနေအရ ဘဝကြမ်းကြမ်းကို ဖြတ်သန်းနေရသော်လည်း သူတို့၏စိတ်သန္တာန်ဝယ် ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ်၊ အမှားကို ကျူးလွန်မိပြီးသည့်နောက် နောင်တတရားနှင့်အတူ အမှန်ကို ခွဲခြားသိမြင်လာစိတ် စသည်တို့ ကိန်းဝပ်လျက်ရှိနေကြောင်း ပေါ်လွင်အောင် ဖော်ပြထားသည်။ ကျေးလက်ဒေသ လူနေမှုဘဝ၊ လယ်ယာလုပ်ငန်းခွင်တွင် အရေးပါသည့် 'နွား' အကြောင်းနှင့် နွားအရောင်းအဝယ်ဈေးကွက်ကို အသေးစိတ်လေ့လာပြီး သုတရောစွက်ကာ ရေးဖွဲ့ထားသော ဝတ္ထုကောင်းတစ်အုပ်ဖြစ်ကာ စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၁၅၀၀ ဖြစ်သည်။

### ထနေ့

ပြန်ကြားရေးဝန်ကြီးဌာန၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ဇော်လွင်ဦး (ဟသာ်ာတ)၏ 'ထနေ့' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် တောင်ပို့လှကျေးရွာဝန်းကျင်တွင် တွေ့ရသော လူသိနည်းလှသည့် ထနေ့တိုင်းရင်းသားတို့၏ ဘဝနှင့် ဒေသအကြောင်းကို ရေးသားတင်ပြထားသည်။ ထို့ပြင် ထနေ့တိုင်းရင်းသားများနှင့် ပတ်သက်၍ ဒေသန္တရ ပထဝီဝင်၊ ပုံ့နှံ့ရာဒေသနှင့် လူဦးရေ၊ ဘာသာရေးနှင့် ထုံတမ်းစဉ်လာ၊ ယုံကြည်မှု၊ ဓလေ့စရိုက်၊ စာပေနှင့် ဘာသာစကား၊ လူမှုရေး၊ ရိုးရာပွဲတော်၊ စီးပွားရေး၊ အုပ်ချုပ်ရေးအကြောင်းတို့ကို ပြည့်ပြည့်စုံစုံ ရေးသားထားသည့်အပြင် ဓာတ်ပုံများနှင့်လည်း အားဖြည့်ထားသဖြင့် ဗဟုသုတများစွာရသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၁၆၀၀ ဖြစ်သည်။

### ဆေးသားလွင့်ပြယ်မသွားသည့် လွမ်းချင်းများ

ပြန်ကြားရေးဝန်ကြီးဌာန၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ မောင်သာလင်း၏ 'ဆေးသားလွင့်ပြယ်မသွားသည့် လွမ်းချင်းများ' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာတင်မိုး၊ ဆရာမောင်ခိုင်မာ၊ ဆရာဘဝင်းတို့အပါအဝင် စာရေးဆရာများ၏ အမှတ်ရစရာအကြောင်းများအပြင် ရေနံချောင်းလွမ်းချင်း ဘဝရုပ်ပုံလွှာကို ဆရာမောင်သာလင်းက လွမ်းစရာကောင်းအောင် ရသမြောက်စွာရေးဖွဲ့ထားသည်။ မြန်မာစာပေသမိုင်း၏ ကွက်လပ်တစ်ခုကို ကောင်းစွာ ဖြည့်ဆည်းပေးမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၁၂၀၀ ဖြစ်သည်။

### ကနီခရီးသည်

ပြန်ကြားရေးဝန်ကြီးဌာန၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ တတိယဆုရရှိသည့် နေအောင်သူ (ကနီ)၏ "ကနီခရီးသည်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

အဆိုပါ စာအုပ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ခံ ဇာတိဖြစ်သူ ဆရာနေအောင်သူ (ကနီ)က မိမိဇာတိချက်မြှုပ်ဒေသရှိ သမိုင်းထင်ရှားသာသနိကအဆောက်အအုံများ၊ ဆရာတော်သံဃာတော်များ၊ လူပုဂ္ဂိုလ်များအကြောင်းကို ခရီးသွားမှတ်တမ်းဆောင်းပါးများအဖြစ် ပြုစုတင်ပြထားသည့်အပြင် ညောင်ဝန်း၊ နတ်ရဲတောင်၊ ကပိုင်ဒေသတို့မှ သိမှတ်ဖွယ်ရာ အဖြာဖြာနှင့် တွင်းတောင်ဒေသရှိ တွင်းပိုး၊ စိမ်းပြာရေညှိတို့အကြောင်းကို ရေးသားတင်ပြထားသည့်အတွက် ဗဟုသုတရှာမှီးလိုသူများနှင့် ကနီမြို့အကြောင်း သုတေသနပြုလိုသူများအတွက် လက်ဝယ်ဆောင်ထားသင့်သည့် စာအုပ်ကောင်းဖြစ်ကာ စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၂၀၀၀ ဖြစ်သည်။

အဆိုပါ စာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၀၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း- ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့်လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## စာတမ်းရှင်ခြောက်ဦး၏ စာတမ်းများနှင့် ဝတ္ထုရှည် အနှစ်သာရများ

## စာပေစကားဝိုင်းပါဝင်သည့် "ဝတ္ထုရှည်စာတမ်းများ" စာအုပ်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ပြည်သူများ ပညာဗဟုသုတ တိုးပွားစေရေးအတွက် စာပေဗိမာန်က ဖတ်ကြားခဲ့သော စာတမ်းများကို ထုတ်ဝေသည့် စာအုပ်များ အနက် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက် ကျင်းပပြုလုပ်ခဲ့သည့် ဝတ္ထုရှည်စာတမ်းဖတ်ပွဲတွင် တင်သွင်းခဲ့သည့် စာတမ်းခြောက်စောင်နှင့် ၂၆-၇-၂၀၁၅ ရက်တွင် စာပေဗိမာန်ခန်းမ၌ ကျင်းပခဲ့သည့် "ဝတ္ထုရှည်အနှစ်သာရ" စာပေစကားဝိုင်းတွင် စာရေးဆရာလေးဦး ဆွေးနွေးခဲ့ကြသော မြန်မာဝတ္ထုရှည်ဆိုင်ရာ ဆွေးနွေးချက်များ ပါဝင်သည့် "ဝတ္ထုရှည်စာတမ်းများ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်ကို စာပေဗိမာန်က တတိယအကြိမ် ထုတ်ဝေခြင်း ဖြစ်သည်။

ထိုစာအုပ်တွင် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "ဝတ္ထုရှည်ဟူသည်မှာ" စာတမ်း၊ ဆရာပါရဂူ၏ "သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်" စာတမ်း၊ ဆရာထင်လင်း၏ "နိုင်ငံခြားဝတ္ထုရှည်" စာတမ်း၊ ဆရာမောင်ထင်၏ "ဘဝသရုပ်ဖော် မြန်မာဝတ္ထုရှည်" စာတမ်း၊ ဆရာတက္ကသိုလ်ဝင်းမွန်၏ "မြန်မာ ဝတ္ထုရှည်သမိုင်း" စာတမ်းနှင့် ဆရာဂယက်နီ၏ "ကလေးလူငယ်ဝတ္ထုရှည်" စာတမ်းများ ပါဝင်ပြီး ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာမ မစန္ဒာ၊ ဆရာမရွှေသဥ္ဇာနှင့် ဆရာလက်ာရည်ကျော်တို့၏ "ဝတ္ထုရှည်အနှစ်သာရများ(၂၀၀၅-၂၀၁၅)" စာပေစကားဝိုင်း ဆွေးနွေးချက်များ ပါဝင်သည်။

ထိုစာအုပ်တွင် ဝတ္ထုရှည်၏ သဘောနှင့် ဝတ္ထုရှည်အကြောင်းကို တစေ့တစောင်းတင်ပြထားပြီး ဝတ္ထုရှည်၏ ယေဘုယျသဘော၊ သမိုင်းနောက်ခံ မြန်မာဝတ္ထုရှည်များ ဖြစ်ပေါ်လာပုံ၊ နိုင်ငံခြားဝတ္ထုရှည်များ၏ သဘောသဘာဝ၊ ရှေးခေတ်ဝတ္ထုများ၊ နှောင်းခေတ်ကာလပေါ်ဝတ္ထုများနှင့် ကလေးလူငယ် မြန်မာဝတ္ထုရှည်ဖြစ်ပေါ်လာပုံတို့ကို ဖတ်ရှုလေ့လာနိုင်သည်။

ခေတ်အဆက်ဆက် ပေါ်ထွက်လာခဲ့ကြသည့် မြန်မာဝတ္ထုရှည်များ၊ နိုင်ငံခြားဝတ္ထုရှည်များနှင့် ကလေးလူငယ်ဝတ္ထုရှည်များအကြောင်းကို ပညာရပ်ဆန်ဆန်ဝေဖန်သုံးသပ်လေ့လာထားသည့် စာတမ်းများအပြင် မျက်မှောက်ခေတ် ဝတ္ထုရှည်ဆိုင်ရာ အကြောင်းရပ်များပါဝင်သည့်အတွက် ရသစာပေချစ်မြတ်နိုးသူတို့ ဖတ်ရှုနှစ်သက်ကြမည်ဟုမျှော်လင့်ပါသည်။

စာအုပ်တွင် စာမျက်နှာ(၃၇၂) မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း- ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း-၀၂-၄၀၃၀၁၈၆)တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အင်တောမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးလုံးဝ မထိုးနှံရသေးသူများအား ထိုးနှံပေး

**အင်တော အောက်တိုဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသေးသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အောက်တိုဘာ ၇ ရက်က ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးသည်။

ထိုသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

အင်တောမြို့ပေါ် (၆)ရပ်ကွက်၊ အုန်းကွဲနှင့် နန်းကောင်းမှုကျေးရွာအုပ်စုရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၄၁၈ ဦး ရှိကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁၀-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊မောရ်ပရိတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၀** တရုတ်ကာတွန်း **'ဗိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၃၅)
**၀၉:၅၀** MRTV Travelogue
**၁၀:၁၅** **'ချစ်တေးဝေသာ သီတင်းကျွတ်မင်္ဂလာ'** ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၀** အသိပညာနှင့်အမှန်တရား **'ဓာတုဗေဒကျောက်စာ'**
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဗီဒီယိုဇာတ်လမ်း **'ငယ်ကျွမ်းဆွေ'** (ပထမပိုင်း) (ရဲအောင်၊ဇော်ဝမ်း၊မေသန်းနု)
**၁၆:၁၅** မျှဝေအသိပေးကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၁၇:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သိရှိဖွယ်ရာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၂၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားခေါ်သောင်ရာ'** (အပိုင်း-၇၆)
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း **'နှောင်း'**

**mitv**

**07:01** News
**07:26** The Largest Nunnery In Myanmar
**07:56** Paper Toys
**08:01** Kayah Traditional Dance
**08:14** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
**08:29** Today Myanmar: Tea Export
**08:41** Patchwork Bags
**08:54** Thadingyut Lighting Festival
**09:01** Sons of the Lake
**09:24** Irrawaddy Dolphin (Part-2)
**09:37** Mahar Thakya Atula Man Aung - Nga Htat Kyee
**09:54** Myanma Traditional Art, Silversmith
**10:25** A Visit To Ye's Coastal Area

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၇)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖိုင်းဖြူရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ
**ချင်း (ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)**
ဇီးဖြူသီးနှင့်ကျန်းမာရေး
**ချင်း (ချီး) (၁၂:၀၀ မှ ၁၃:၀၀)**
ရောင်စုံပီးကြာခွက်လေးများ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လယ်ပျော်တို့နားဒိုရာဆီ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဟင်းထုပ်ပြုလုပ်နည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောစိုက်ခင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် သွင်းအားစုများ အချိုးကျသုံးစွဲတတ်စေရေး အသိပညာပေး

**သီပေါ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဒေသဝမ်းစာဖူလုံရေး၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး မျိုးစေ့ထုတ်လုပ်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရေး၊ လယ်ယာထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့ကို ရည်ရွယ်လျက် မျိုးကောင်း မျိုးသန့်မျိုးသန့်ပွား စံပြစိုက်ခင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သီပေါမြို့နယ်၌ မော်ဘီ-၂ မျိုးသန့် မျိုးပွား မျိုးစေ့(RS) ကို ၂၀၂၂ ခုနှစ် မိုးရာသီတွင် ဧက ၃၀ စံပြကွက်နှင့် ခေါင်နံ့မျိုးသန့်ပွား စံပြကွက် ငါးဧကဆောင်ရွက်လျက်ရှိပြီး မော်ဘီ-၂ မျိုးသန့် မျိုးပွားမျိုးစေ့(RS)ကို ပေါ်ကြို ကျေးရွာအုပ်စု မော်ကေဆားတွင်း ကျေးရွာ တောင်သူ ၁၆ ဦးတို့က ဧက ၃၀ ဆောင်ရွက်ကာ ခေါင်နံ့ မျိုးသန့်ပွားစံပြကွက်ကို မော်ကေဆားတွင်းကျေးရွာ တောင်သူ ဦးစိုင်းအောင်ပု လယ်မြေ၌ နှစ်ဧကစိုက်ပျိုးထားသည်။



အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်နည်းစနစ် မှန်ကန်ရေး မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ သဘာဝမြေဩဇာ ဓာတ်မြေဩဇာစသည့် သွင်းအားစုများကို အချိန်ကိုက်အချိုးကျ သုံးစွဲနိုင်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများက တောင်သူများနှင့် ပူးပေါင်း၍ ယနေ့မှစတင်ကာ ကွင်းဆင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၀ ပြည့်နှစ် စိုက်ပျိုးရာသီတွင် မော်ဘီ-၂ စပါးမျိုးကို ၁၈၅၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၂ခုနှစ် မိုးရာသီတွင် မော်ဘီ-၂ စပါးမျိုးကို ဧက ၃၀၂၆ စိုက်ပျိုးခဲ့သဖြင့် စပါးဧက ၁၁၇၀ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၁၀ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၅၁၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၂၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၅၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၆၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၇၃ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၅၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၂၈၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၆၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၀၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၅၁၉ | ၁၃၃၆၇၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၅၅၆၅ | ၁၇၈၀၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀ | ၄၁၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၅ | ၁၄၈၅၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၁ | ၉၁၄၅၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၁ | ၅၄၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် ည ၉ နာရီခွဲတွင် ရွာငံမြို့နယ် အောင်ပန်း- ကျောက်ဆည်သွားကားလမ်း ကျောက်ကူပြင်ကျေးရွာအနီးတွင် အောင်ပန်းမှ ကျောက်ဆည်ဘက်သို့ အောင်ကိုသန်း (၃၂)နှစ် မောင်းနှင်လာသည့် Toyota Hiace မော်တော်ယာဉ်ကို ရှာဖွေရာ တန်ဖိုးငွေကျပ်သိန်း ၅၀၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကောင်းထက်ကျော်(၁၈)နှစ်နှင့် ဟိန်းမင်းဦး(၂၂)နှစ်တို့ကို နောင်ချိုမြို့တွင် Hijet မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ကျော်ကျော်ဝင်း (၅၁)နှစ်ကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ၅၃ လမ်း အမှတ် (၄၆)နေအိမ်တွင် လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရ၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနီးတွင် အောင်မြင့်စိုး မောင်းနှင်ပြီး မအေးကြည်မော် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၃ ကီလိုကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ဒူးယားကျေးရွာအနီးတွင် အောင်ဖြိုးခိုင်(ခ)အမောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ကိုလည်းကောင်း၊ ထို့အတူ အောက်တိုဘာ ၇ ရက် ညနေ ၆ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မဘိမ်းမြို့ ကုန်းခါးရပ်ကွက် မြို့ဦးစေတီအနီးတွင် လမ်းလျှောက်လာသည့် လီသားကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကန်ပိုက်တီးမြို့၌ ရေနွေးအိုးတည်ရာမှ မီးလောင်မှုဖြစ်ကာ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီးမြို့၌ အောက်တိုဘာ ၈ ရက်က ဝိုင်ယာရှော့ဖြစ်ရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ကာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဝိုင်းမော်မြို့နယ် ကန်ပိုက်တီးမြို့ (၂)ရပ်ကွက်နေ ဦးလယောက်ဇယ်လွမ်း(၃၇)နှစ်သည် နေအိမ်ဈေးဆိုင်အတွင်း ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားရာ ကန်ပိုက်တီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ငြိမ်းသတ်ခဲ့ရာ ငါး မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဆိုင်အတွင်းရှိပစ္စည်းများမီးလောင်ဆုံးရှုံးခဲ့ပြီး ဦးလယောက်ဇယ်လွမ်းနှင့် ဒေါ်ဇုန်းဝမ်(၃၄)နှစ်တို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် ဦးလယောက်ဇယ်လွမ်းအား ကန်ပိုက်တီးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျောင်းကုန်းမြို့တွင် ယာဉ်တိုက်မှုဖြစ်ကာ တစ်ဦးသေဆုံး

**ကျောင်းကုန်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် ၆၄/၃ နှင့် ၆၄/၄ ကြားတွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဖြိုးမြတ်ကျော်(ခ)ဂွတို (၃၅)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ပြည့်စုံအောင်နှင့် ခရီးသည် ၂၀ တင်ဆောင် မောင်းနှင်လာသည့် အောင်သစ္စာမော်တော်ယာဉ်မှာ ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် ရန်ကုန်-ပုသိမ်ကားလမ်း၊ ကွင်းကြီးကျေးရွာထိပ် ကားလမ်းဘေးတွင် ဆိုင်ကယ်ပေါ်၌ထိုင်နေသူ ဦးငြိမ်းအောင်(၅၂)နှစ်အား ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးငြိမ်းအောင်မှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း ဖြိုးမြတ်ကျော်(ခ)ဂွတိုမှာ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ယာဉ်မောင်းဖြစ်သူကို ကျောင်းကုန်းမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

# ရိုမေးနီးယားကို အနိုင်ရရှိပြီးနောက် ဒုတိယနေရာမှ မြောက်မက်ဆီဒိုးနီးယားကို ခြောက်မှတ်ဖြတ်နိုင်ခဲ့သည့် ဂျာမနီ

ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် နာမည်ကြီး ဂျာမနီအသင်းနှင့် ရိုမေးနီးယားအသင်းတို့ ပွဲစဉ်ကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရိုမေးနီးယားအသင်းအတွက် သွင်းဂိုးကို ဟာဂီက သွင်းယူပေးပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးများကို ဂနာဘရီနှင့် မူလာတို့က သွင်းယူပေးခဲ့သည်။

တီမိုဝါနာ ဦးဆောင်လာသည့် ဂျာမနီအသင်းသည် ရိုမေးနီးယားအသင်းအပေါ် ပွဲစသည်နှင့် တစ်ပြိုင်နက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်ခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံး ဟန့်တားနိုင်ခဲ့သည့်အတွက် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စု (၂) တွင် ကျရောက်နေပြီး ပွဲစဉ် (၇) ယှဉ်ပြိုင်ကစားပြီးနောက် ဒုတိယနေရာမှ မြောက် မက်ဆီဒိုးနီးယားအသင်းကို ခြောက်မှတ်အထိ ဖြတ်ထားနိုင်ပြီ ဖြစ်သည်။ ယနေ့ ပွဲစဉ်တွင် ဦးဆောင်ဂိုးကို ရိုမေးနီးယားအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ကိုးမိနစ်တွင် ဟာဂီက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဂျာမနီအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ရိုမေးနီးယားအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ပွဲချိန်အများစုကို ထိန်းချုပ်ကစားနိုင်ခဲ့သည့် ဂျာမနီအသင်းသည် ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ရှစ်၏ ဖန်တီးမှုမှ ဂနာဘရီက သွင်းယူပေးခဲ့သည်။ ဂျာမနီအသင်းသည် ရိုမေးနီးယားအသင်းထက် စုဖွဲ့မှုအားကောင်းသည့် အသင်းဖြစ်သည့်အတွက် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းတွင်လည်း ရိုမေးနီးယားအသင်းထက်သာလွန်ကာ ပိုမိုကောင်းမွန်သည့် ကစားဟန်ကို ထုတ်ပြနိုင်ခဲ့သည်။ ဂျာမနီအသင်းအတွက် ဒုတိယဂိုးကို ၈၁ မိနစ်တွင် လူစားဝင်ကစားသမားသော မတ်စ်မူလာက သွင်းယူပေးနိုင်ခဲ့သည်။



ရိုမေးနီးယားအသင်းဘက်သို့ ဂျာမနီကစားသမား မူလာ ဂိုးသွင်းယူပြီးနောက် တွေ့ရစဉ်။

ဂိုးသွင်းယူနိုင်ခဲ့သော မူလာသည် ဂျာမနီအသင်းအတွက် နောက်ဆုံးဂိုး သွင်းယူနိုင်ခဲ့သည်မှာ ၂၀၁၇ ခုနှစ် မတ်လတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဇာဘိုင်ဂျန်အသင်းနှင့် ပွဲစဉ်တွင် ဖြစ်သည်။ ၎င်းသည် နည်းပြဂျိုအာချင်လိုလက်ထက်တွင် နှစ်နှစ်ကြာ ဂျာမနီအသင်းနှင့် ပွဲကစားခွင့် ဝေးကွာခဲ့သူလည်း ဖြစ်သည်။

ဂျာမနီအသင်းသည် ယူရို ၂၀၂၀ ပြိုင်ပွဲအပြီးတွင် နည်းပြဂျိုအာချင်လို၏ နေရာကို ဘိုင်ယန်မြူးနစ် နည်းပြဟောင်း ဟန်ဆီဖလစ်ကို အစားထိုးခန့်အပ်ပြီးနောက် အသင်း၏ ရလဒ်ပိုင်း သိသိသာသာ ပြောင်းလဲလာခဲ့ပြီး ယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် လေးပွဲစလုံးအနိုင်ရရှိထားသည်။

အခြားသောပွဲစဉ် ရလဒ်များတွင် ချက်နှင့် ဝေးလ်အသင်းတို့ ပွဲစဉ်၌ တစ်ဖက်နှစ်ဂိုးစီ၊ တူရကီနှင့် နော်ဝေအသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး နယ်သာလန်အသင်းက လတ်ဗီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ခရိုအေးရှားအသင်းက ဆိုက်ပရပ်စ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရုရှားအသင်းက ဆလိုဗက်ကီးယား အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မြောက်မက်ဆီဒိုးနီးယားအသင်းက လက်ချင်စတိန်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက(ခွဲ) ဘုရားကြီးကုန်း(၁)၊ Grade-7(သင်ရိုးသစ်)မှ မဝင်းလဲ့မွန် ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းမွန် ၁၄/ကကန(နိုင်)၀၇၈၂၀ ဖြစ်ပါကြောင်း။ **ဒေါ်စန်းမွန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ရွှေပြည်သာရပ်ကွက်၊ အကွက်အမှတ် (၁၆၉)၊ ဦးပိုင်(၁၅၀)၊ မြေဧရိယာ ၀ဒသမ ၁၅၂ ဧက အမည်ပေါက်သူ ဦးကျော်ညီညီ အမည်မှ ဦးသန်းဌေးအောင် ၁/ဗမန(နိုင်)၀၆၁၀၂၂ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်နိုင်မှုမရှိပါက လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အတူ အမည်ပြောင်း ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သုံးမိုင်ရွှေပြည်သာကွက်သစ်၊ အကွက် (၁၆၉)၊ ဦးပိုင်(၁၀၇/၁+၁၀၇/၂)၊ မြေဧရိယာ ၀ဒသမ ၉၇၆ဧက၊ ဦးလှအောင် အမည်ပေါက် မြေငှားဂရန်မှ ဦးသန်းဌေးအောင် ၁/ဗမန(နိုင်)၀၆၁၀၂၂ အမည်သို့ အမည်ပြောင်း စက်မှု စီးပွားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်နိုင်မှု မရှိပါက လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အတူ အမည်ပြောင်း စက်မှုစီးပွားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဗန်းမော်မြို့**


Myanmar Digital News
နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပြီး
မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ်
သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။
News and Periodicals Enterprise
www.mdn.gov.mm
website | App Store | Google Play

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....



- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား။ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။


## တင်ဒါရက်စွဲ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၅-၉-၂၀၂၁ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် အိတ်ဖွင့်တင်ဒါ (ပစ္စည်းတင်ဒါ) လျှောက်လွှာစတင်ရောင်းချမည့်ရက်အား (၁၁-၁၀-၂၀၂၁)ရက်အစား (၁၅-၁၀-၂၀၂၁)ရက်တွင်လည်းကောင်း၊ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်အား ၂၅-၁၀-၂၀၂၁ရက် ညနေ ၄နာရီအစား ၉-၁၁-၂၀၂၁ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်အား ၂၆-၁၀-၂၀၂၁ရက် နံနက် ၁၀နာရီ အစား ၁၀-၁၁-၂၀၂၁ရက် နံနက် ၉ နာရီတွင်လည်းကောင်း ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်ဒေသမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာ ရေးနှစ် (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ) ပထမ(၆)လအတွင်း ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ သံချောင်းလုံးရှယ်စုံ နှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၁/၂၀၂၁-၂၀၂၂) |
| ၁။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | ၂၈-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့)မှ ၁၀-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)အထိ နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| ၂။ | တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လောက်ကိုင်ဒေသ၊ လောက်ကိုင်မြို့ ဖုန်း-၀၉-၇၅၈၂၈၉၅၈၂ |
| ၃။ | တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | - | ၁၁-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) (၁၆:၃၀)နာရီ |
| ၄။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၂-၁၁-၂၀၂၁ရက် (သောကြာနေ့) (၀၉:၃၀)နာရီ |
| ၅။ | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လောက်ကိုင်ဒေသ၊ လောက်ကိုင်မြို့၊ ဖုန်း-၀၉-၇၅၈၂၈၉၅၈၂ |

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**




# ဇေယျာသီရိမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော် ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းခန်းမ၌ ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးစန်းလွင်က လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး ပြည်ထောင်စုနယ်မြေ ဦးစီးမှူးညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများ၊ အမှတ်(၁) မော်တော်ယာဉ်တပ်ရင်းမှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၆၉ ကတ်ကို တပ်ရင်းတပ်ဖွဲ့မိသားစုများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တင်ဒါရက်စွဲ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂)မှ ၂၅-၉-၂၀၂၁ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် အိတ်ဖွင့်တင်ဒါ (ပစ္စည်းတင်ဒါ) လျှောက်လွှာ စတင်ရောင်းချမည့်ရက်အား (၁၁-၁၀-၂၀၂၁)ရက်အစား (၁၅-၁၀-၂၀၂၁)ရက်တွင်လည်းကောင်း၊ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်အား ၂၅-၁၀-၂၀၂၁ရက် ညနေ ၄နာရီ အစား ၉-၁၁-၂၀၂၁ရက် မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ တင်ဒါဖွင့်မည့်ရက်/အချိန်အား ၂၆-၁၀-၂၀၂၁ရက် နံနက် ၁၀နာရီ အစား ၁၀-၁၁-၂၀၂၁ရက် နံနက် ၁၀နာရီတွင် လည်းကောင်း ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၁၁၊ မြေကွက်အမှတ် ၇၈၊ ဧရိယာ (၄၀' x ၆၀)၊မြေကွက်တည် နေရာ အမှတ်(၇၈)၊ ပိတောက်လမ်း၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးကျော်ဇံဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဦး ၁၂/လသယ(နိုင်)၀၇၂၄၂မှ အရောင်းအဝယ်အရပ်စာချုပ်မူရင်းနှင့် ပါမစ်မိတ္တူမှန်တို့အား တင်ပြ၍ ဂရန်အသစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရွှေကူ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည်

**ရွှေကူ အောက်တိုဘာ ၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ၂၀၂၁- ၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ် (၆ လဘတ်ဂျက်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာများရွေးချယ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုခဲ့ကြရာ သဘော်အင်းကျေးရွာအုပ်စု သဘော်အင်းကျေးရွာ သရက်ကုန်းကျေးရွာအုပ်စု နွတ်ချိုကျေးရွာ၊ တောပုန်းကျေးရွာအုပ်စုဖြစ်သည့် မြောက်ရွာကျေးရွာနှင့် တောပုန်းကျေးရွာ နောင်လက်ကြီးကျေးရွာအုပ်စု နောင်လက်ကြီးကျေးရွာစသည့် ကျေးရွာ ငါးရွာတို့အား စီမံကိန်းကျေးရွာများအဖြစ် အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်နှင့် လမ်းအထူးအဖွဲ့ (၆)တို့မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာ ရေးနှစ် (၂၀၂၁ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ် မတ်လအထိ) ပထမ(၆)လအတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်ရှယ်စုံ၊ သဲ၊ ကျောက်ရောမြေ၊ ဒီဇယ်ဆီ၊ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံနှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၁/၂၀၂၁-၂၀၂၂) |
| ၁။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | ၂၈-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့)မှ ၁၀-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)အထိ နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| ၂။ | တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၆)၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၀၉၊ ၀၉-၄၂၈၈၆၅၇၇၅၆ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ |
| ၃။ | တင်ဒါပိတ်မည့်ရက်/အချိန် | - | ၁၁-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) (၁၆:၃၀)နာရီ |
| ၄။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၂-၁၁-၂၀၂၁ရက် (သောကြာနေ့) (၀၉:၃၀)နာရီ |
| ၅။ | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ |

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ် (၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင် အမှတ် (၃၆၆)မှ ဧရိယာ ၀ဒသမ၀၅၅ဧကနှင့် ဦးပိုင်အမှတ် (၃၆၇)မှ ဧရိယာ ၀ဒသမ၀၅၅ဧက၊ စုစုပေါင်းဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေ ကို ဦးထွန်းဝင်း-ဒေါ်စန်းစန်းကြိုင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၄၊ မြေကွက်အမှတ်-၄၁၉၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးအောင်ကျော် (၁၄/ပသန (နိုင်) ၁၄၈၄၆၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၁၈)
အမှတ်-၈၁၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၄၁၀၈၈၅၄

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
